မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ကပ်ငြိစိတ်မရှိသူ

နိဗ္ဗာန်ကို အားကြီးစွာ လိုလားသည်ဖြစ်၍ စိတ်ဖြင့် တွေ့ထိကာ ကာမဘုံတို့၌ ကပ်ငြိစိတ်မရှိသူကို အထက် အကနိဋ္ဌာဘုံသို့ အစဉ်အတိုင်း သွားမည့်သူဟု ဆိုအပ်၏။

ဝိယဝဂ်(ဓမ္မပဒ - ၂၁၈)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက် ၂၀၂၄ ခုနှစ်၊ သြဂုတ် ၈ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၃)၊ အမှတ်(၃၀၈)

ဒေသတွင်း လုံခြုံရေး တည်ဆောက်ရာတွင်လည်း အာဆီယံ၏ အရေးပါသည့် အခန်းကဏ္ဍကို ခိုင်မာစေရန်၊ အာဆီယံ၏ အချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုကို မြှင့်တင်နိုင်ရန် မိမိတို့အားလုံး အတူတကွ ကြိုးပမ်းအားထုတ်သွားကြရမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၅၇) နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့သို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၄ ခုနှစ်၊ သြဂုတ်လ ၈ ရက်)

လေးစားအပ်ပါသော မြန်မာပြည်သူပြည်သားများနှင့် အာဆီယံပြည်သူများခင်ဗျား

ယနေ့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ (၅၇) နှစ်ပြည့်မြောက် နှစ်ပတ်လည်နေ့ဖြစ်ပြီး ဤနေ့ထူးနေ့မြတ် အခါသမယတွင် မြန်မာနိုင်ငံပြည်သူများနှင့် အာဆီယံပြည်သူများ အားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့လျက် နူတ်ခွန်းဆက်သအပ်ပါသည်။ အစဉ်အမြဲ ပြောင်းလဲနေသော ကမ္ဘာ့ရေးရာဖြစ်ပေါ်တိုးတက်မှုများအကြား အာဆီယံအသင်းကြီး ပိုမိုခိုင်မာတိုးတက်အောင်မြင်ပါစေကြောင်းနှင့် အာဆီယံပြည်သူများ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သာယာဝပြောကြပါစေကြောင်းလည်း ဦးစွာဆုမွန်ကောင်း တောင်းအပ်ပါသည်။

အာဆီယံအသင်းကြီးကို ၁၉۷၇ ခုနှစ်၊ သြဂုတ်လ ၈ ရက်တွင် စတင်တည်ထောင်သူ ဗိသုကာကြီး (၅)ဦး၏ ဉာဏ်အမြော်အမြင်ကြီးမားစွာဖြင့် ဖွဲ့စည်းခဲ့ပြီး၊ အာဆီယံအသင်းကြီးသည် အဖွဲ့အစည်းတစ်ခုမှ အသိုက်အဝန်းတစ်ရပ်ဆီ၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုမှ ပေါင်းစည်းမှုဆီသို့ ကူးပြောင်းလာနေဖြင့်ဖြစ်ပါသည်။ နှစ်ပေါင်း (၅၇)နှစ်အတွင်း အာဆီယံအသင်းကြီးအနေဖြင့် စတင်တည်ထောင်ခဲ့သူ အဖွဲ့ဝင်များ၏

စာမျက်နှာ ၃ ကော်လံ ၁ ◆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနေအထားဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနှစ် မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

နေပြည်တော် သြဂုတ် ၇

မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၏ (၁၁) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် Horizon Lake View ဟိုတယ်၌ ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင် နာယကများ ဖြစ်ကြသည့် ဒေါ်ကြူကြူလှနှင့် ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ချီးမြှင့်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ လုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့်အမှာ စကားပြောကြားရာတွင် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေး

စာမျက်နှာ ၅ ကော်လံ ၁ ※

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် ဒေါ်ကြူကြူလှနှင့် ဒေါ်ခင်သက်ဌေး၊ အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာအားပေးစဉ်။

ခိုင်ခိုင်မာမာပေါ်ပေါက်လာမည့် တစ်ဆက်တစ်စပ်တည်း မြန်မာ့သမိုင်းစဉ်

"မြန်မာ ဘယ်ကစ" ဟူသည့် ခေတ်ဦးမြန်မာ့သမိုင်းနှင့် စပ်လျဉ်း၍ ငြင်းချက်နှစ်ခုရှိသည်။ တစ်ခုက မြန်မာတို့သည် မြန်မာ့မြေပေါ်တွင်ပင် ပေါက်ဖွားရှင်သန်လာကြကာ အဆင့်ဆင့် တိုးတက်ထွန်းကားလာခြင်းဖြစ်သည်ဟူ၍ ဖြစ်ပြီး နောက်တစ်ခုကမူ မြန်မာတို့သည် အခြားဒေသမှ အချိန်တိုတိုအတွင်း ဒုန်းစိုင်းဝင်ရောက်လာကြသူများဖြစ်သည်ဟူ၍ ဖြစ်သည်။ သို့ဖြစ်ခြင်းကြောင့် မြန်မာ့သမိုင်းကို ခေတ်အဖြင်ဖြင့် လေ့လာမည်ဆိုပါက ပုဂံခေတ် အနော်ရထာမင်းမတိုင်မီ မြန်မာ့သမိုင်းသည် ငြင်းချက်များ၊ ကွက်လပ်များ၊ အနုမာန မှန်းဆဖြည့်စွက်ချက်များဖြင့် ပြည့်နှက်နေသည်။

မြန်မာတို့ကို မြန်မာ့သမိုင်းဘာသာရပ် စနစ်တကျ လေ့လာတတ်စေရန် သင်ကြားပေးခဲ့သည်မှာ ကိုလိုနီခေတ်တွင်ဖြစ်ပြီး ဆရာများမှာ အင်ပါယာအရှင်သခင်နိုင်ငံမှလာသည့် ပညာရှင်များဖြစ်ကြသည်။ ၎င်းပညာရှင်တို့၏ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်တတ်ပွန်မှုနှင့် အရည်အသွေးတို့အပေါ် အပြစ်ဆိုဖွယ်မရှိသည့်တိုင် မြန်မာ့သမိုင်းနှင့်စပ်လျဉ်းသည့် ၎င်းတို့၏ အမြင်များ၊ အကဲဖြတ်ချက်များ၊ မှန်းဆချက်များနှင့် မြန်မာ့သမိုင်းစဉ်အပေါ် ထားရှိသည့် ၎င်းတို့၏ စေတနာနှင့်စပ်လျဉ်း၍မူ မေးခွန်းထုတ်ဖွယ်တို့ ရှိနေသည်။ ၎င်းဆရာတို့က သင်ကြားမွေးထုတ်ပေးလိုက်သည့် မြန်မာ့သမိုင်းပညာရှင်များထဲမှ ဆရာကို ဝေဖန်သူ၊ စောဒကတက်သူတို့ ထွက်ပေါ်လာသလို ဆရာ့အမြင်ကို ဆက်ခံသူလည်း အများအပြားရှိခဲ့ရာ ယနေ့တိုင် ၎င်းဆရာတို့၏ သြဇာသက်ရောက်မှုတို့ ရှိနေဆဲဖြစ်သည်ကို မြင်တွေ့နိုင်သည်။

ယခုအခါ မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာသမိုင်းစဉ်ကို နိုင်ငံတော်အဆင့် ရေးသားပြုစုလျက်ရှိရာ လူသားအဦးအစ ပရိုင်းမိတ်ကာလ၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ယဉ်ကျေးမှု ထွန်းကားခဲ့သည့် သမိုင်းမတိုင်မီကာလ၊ သမိုင်းတင် ခေတ်ဦးပိုင်း ပျူခေတ်ကာလတို့နှင့်ပတ်သက်၍ မူကြမ်းများ ရေးသားခဲ့ပြီးဖြစ်သည်ဟု သိရသည်။ ပြည်တွင်းပြည်ပ ပညာရှင်များ ဘာသာရပ်အလိုက် ကွင်းဆင်းလေ့လာသုတေသနပြု အသစ်တွေ့ရှိချက်များ၊ ပြည်ပဓာတ်ခွဲခန်းများမှ သိပ္ပံနည်းကျ သက်တမ်းတွက်ချက်မှုများကြောင့် ပျူခေတ်ကာလ သမိုင်းစဉ်သည် ပိုမိုရှည်ရှုပ်လုံးပေါ် ပြည့်စုံလာပြီဖြစ်သည်ဟုလည်း သိရသည်။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားများ စုပေါင်းနေထိုင်သည့် နိုင်ငံဖြစ်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို စည်းလုံးညီညွတ်သည့်အားဖြင့် အတူတကွ ကြိုးပမ်းဆောင်ရွက်နေကြခြင်းဖြစ်သည်။ "မြန်မာ" ဟူသည့် ဝေါဟာရကို ဖွင့်ဆိုရာတွင် လက်ရှိပြည်ထောင်စု မြန်မာနိုင်ငံအတွင်း စုပေါင်းနေထိုင်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတို့ အပါအဝင်ဖြစ်ရာ မြန်မာ့သမိုင်းသည် တိုင်းရင်းသားအားလုံး၏ သမိုင်းပင်ဖြစ်သည်။ သမိုင်းသည် အတိတ်က ဖြစ်ပျက်ခဲ့သမျှ လူတို့၏ အတွေ့အကြုံများကို မှတ်တမ်းတင် (Record) လုပ်ခြင်း၊ အနက်ကောက်ခြင်း (Interpretation) ၊ ရှေ့ဖြစ်လာနိုင်သည်ကို ကြိုတင်မှန်းဆခြင်း (Projection) တို့ ပါဝင်သည်။ "သမိုင်းကို ကောင်းကောင်း လေ့လာရင် အမှားကို ရှောင်တတ်မယ်၊ အမှန်ကို တွေ့တတ်တယ်၊ နောက်တစ်ဖျိုးပြောရင် သမိုင်းကိုကြည့်ပြီး အောင်မြင်တာထက်ပိုပြီး အောင်မြင်အောင် လုပ်နိုင်သလို အရင်က ရှက်စရာကောင်းလောက်အောင် မှားတာမျိုး ထပ်ပြီး မမှားအောင် နေတတ်၊ စားတတ်၊ လုပ်တတ်တယ်" ဟူ၍ မြန်မာသမိုင်းပညာရှင် ဒေါက်တာ သန်းထွန်းက ဆိုခဲ့သည်။

တစ်ဆက်တစ်စပ်တည်းသော မြန်မာသမိုင်းစဉ် ခိုင်ခိုင်မာမာ ပေါ်ပေါက်လာသည့်အခါ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အတိတ်ကာလက ဂုဏ်ယူဖွယ်၊ ဝင့်ကြွားဖွယ်၊ ဆင်ခြင်ဖွယ်၊ သင်ခန်းစာယူဖွယ်တို့ကို ပိုမိုသိရှိနားလည်နိုင်ကြပြီး စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီး တည်ဆောက်ရေးတွင် ကြီးစွာသော အထောက်အပံ့ဖြစ်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် သြဂုတ် ၈

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။ မိုး/ဇလ

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် စာစီစာကုံးရေးသားခြင်းနှင့် စကားရည်လုပြိုင်ပွဲများ ကြည့်ရှုအားပေး

မုံရွာ သြဂုတ် ၇

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သြဂုတ် ၇ ရက်နံနက်ပိုင်းက မုံရွာတက္ကသိုလ်ရှိ စိတ်ပညာ စာသင်ဆောင်တွင် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်/ဒီဂရီ ကောလိပ်များ၊ ဌာနဆိုင်ရာများ၊ သူနာပြုသားဖွားသင်တန်းကျောင်း (မုံရွာ) နှင့် အခြေခံ ပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ စာစီစာကုံး ရေးသားယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်း ပေါင်းစပ် ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါကျောင်းအတွင်းရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် စကားရည်လုပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများနှင့် မုံရွာတက္ကသိုလ်မှ ကျောင်းသူများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ကပြဖျော်ဖြေသွားကြသော ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြောင်း သိရသည်။

တိုင်းဒေသကြီး
(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၈-၂၀၂၄ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမ်ပြင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၇၇၀	၂၈၅၀	၂၈၂၅	၂၇၀၀	၂၈၅၅	၂၈၆၅	၂၈၇၅	၂၈၃၀	၂၉၆၀	၂၉၉၀	၂၈၄၀	၂၈၅၅	၂၈၉၀	၂၈၇၅	၂၈၉၀	၃၂၉၀	၄,၂၇၀
95 Ron	၂၈၉၅	၂၉၇၅	၂၉၅၀	၂၉၀၅	၂၉၈၀	၂၉၉၀	၃၀၀၅	၂၉၆၀	၃၀၈၅	၃၀၁၅	၂၉၆၅	၂၉၈၀	၃၀၁၅	၃၀၀၀	၃၀၁၅	၃၄,၂၀	၄,၄၀၀
HSD (500 ppm)	၂,၄၅၀	၂,၅၃၅	၂,၅၁၀	၂,၄၆၀	၂,၄,၃၅	၂,၅,၄	၂,၅,၆	၂,၅,၁	၂,၆,ဝ	၂,၆,ဝ	၂,၄,ဝ	၂,၅,ဝ	၂,၅,၁	၂,၅,ဝ	၂,၅,ဝ	၂,၅,ဝ	၄,၂,၀
HSD (50 ppm)	၂,၉,၀	၃၀၀၀	၂,၉,၅	၂,၉,ဝ	၃၀၀၅	၃၀၁၅	၃၀၃	၂,၉,ဝ	၃,ဝ	၃,ဝ	၂,၉,ဝ	၃၀၀၅	၃၀၁၅	၃,ဝ	၃,ဝ	၃,ဝ	၄,၂,၀
HSD (10 ppm)	၂,၉,၀	၃၀၀၀	၂,၉,၅	၂,၉,ဝ	၃၀၀၅	၃၀၁၅	၃၀၃	၂,၉,ဝ	၃,ဝ	၃,ဝ	၂,၉,ဝ	၃၀၀၅	၃၀၁၅	၃,ဝ	၃,ဝ	၃,ဝ	၄,၂,၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၆,၀	၂၇,၀၆
95 Ron	၂,၇,၂	၂,၈,၁
HSD (500 ppm)	၂,၁,၂	၂,၁,၈
HSD (50 ppm)	၂,၇,၆	၂,၈,၁
HSD (10 ppm)	၂,၇,၆	၂,၈,၁

(၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

◆ *ရှေ့ဖုံးမှ*

မျှော်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်လျက်ရှိပြီး၊ ကမ္ဘာတွင် အစိုးရအချင်းချင်းအကြား ဖွဲ့စည်းထားသော အဖွဲ့အစည်းများအနက် အောင်မြင်မှုအရှိဆုံး အဖွဲ့အစည်းတစ်ခုအဖြစ် အသိအမှတ်ပြုလာကြပါသည်။ အာဆီယံအသင်းကြီးသည် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့အတွက် ဦးဆောင်မှုအခန်းကဏ္ဍက ပါဝင်လျက်ရှိပါသည်။ အသင်းကြီး၏ တိုးတက်ပြောင်းလဲမှုသမိုင်းတစ်လျှောက်တွင် စိန်ခေါ်မှုများရှိသော်လည်း ဒေသတွင်းနှင့် ဒေသပြင်ပတို့တွင် ဖြစ်ပေါ်နေသည့် နက်နဲသိမ်မွေ့လှသော ပထဝီနိုင်ငံရေးနှင့် လူမှု-စီးပွား စိန်ခေါ်မှုများကို ထိရောက်အောင်မြင်စွာ ကိုင်တွယ်နိုင်ခဲ့ပါသည်။

လေးစားအပ်ပါသော မြန်မာပြည်သူပြည်သားများနှင့် အာဆီယံပြည်သူများခင်ဗျား

အာဆီယံအသင်းကြီးသည် အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (TAC)၊ အာဆီယံပဋိညာဉ် စာတမ်း (ASEAN Charter) နှင့် အခြားအာဆီယံစာချုပ်စာတမ်းများတွင် ပါဝင်သည့် အခြေခံမူများနှင့် စံနှုန်းများကို လေးစားလိုက်နာသော စည်းမျဉ်းအခြေပြု အသိုက်အဝန်းတစ်ခုအဖြစ် ဆက်လက်ရပ်တည်နေပါသည်။ အာဆီယံအနေဖြင့် ပြည်သူဗဟိုပြု၊ ပြည်သူကို ဦးတည်သည့် အသင်းကြီးဖြစ်သည်နှင့်အညီ အာဆီယံအသိုက်အဝန်းတည်ထောင်သော လုပ်ငန်းစဉ်မှာ အဓိပ္ပာယ်ပြည့်ဝစွာ အားလုံးပါဝင်ရေးအတွက် မိမိတို့၏ ကြိုးစားအားထုတ်မှုတိုင်းမှာ အာဆီယံပြည်သူများကို မဏ္ဍိုင်ပြုသွားမည်ဖြစ်ပါသည်။ ဒေသတွင်းလုံခြုံရေးတည်ဆောက်ရာတွင်လည်း အာဆီယံ၏ အရေးပါသည့် အခန်းကဏ္ဍကို ခိုင်မာစေရန်၊ အာဆီယံ၏ အချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုကို မြှင့်တင်နိုင်ရန် မိမိတို့ အားလုံးအတူတကွ ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ပါသည်။

သိမ်မွေ့နက်နဲပြီး လျင်မြန်စွာပြောင်းလဲနေသည့် ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးမျက်နှာစာများအကြား အာဆီယံအနေဖြင့် စည်းစည်းလုံးလုံးနှင့် ကြံ့ကြံ့ခံနိုင်ပြီး အချိတ်အဆက်မိမိနှင့် တုံ့ပြန်မှုမြန်ဆန်စွာ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ရန် လိုအပ်ပါသည်။ ထို့ကြောင့် **"ပေါင်းစည်းဆက်သွယ်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းကို မြှင့်တင်မည့် အာဆီယံ"** ဆိုသည့် ၂၀၂၄ ခုနှစ် အာဆီယံ ဥက္ကဋ္ဌ လာအိုနိုင်ငံ၏ ဆောင်ပုဒ်သည် ကျိုးကြောင်းဆီလျော်မှုအရှိဆုံး ဆိုသည်ကို ထင်ရှားစွာ တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိတို့အဖွဲ့ဝင်နိုင်ငံများအားလုံးအနေဖြင့် အာဆီယံ၏ ကြံ့ကြံ့ခံနိုင်မှု၊ တိတ်ဆိတ်ဆန်းသစ်မှု၊ တက်ကြွမှုနှင့် ပြည်သူဗဟိုပြုမှုများကို ထိန်းသိမ်းလျက် ပြည်သူများ၏ မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်သည့် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ ကို အပြီးသတ်ရေးဆွဲနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။

ထို့အပြင် ဒေသတစ်ဝန်း စီးပွားရေးနှင့် သက်ဆိုင်သောအဖွဲ့အစည်းများ၏ ဒစ်ဂျစ်တယ်ကုန်စည်စီးဆင်းရေး၊ နယ်စပ်ဒေသဖြတ်ကျော်အီလက်ထရောနစ်ကုန်သွယ်မှုတို့ကို ပိုမိုအားကောင်းစေနိုင်မည့် ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ မူဘောင်သဘောတူစာချုပ်(DEFA) ကို အကောင်အထည်ဖော်ခြင်းဖြင့် ကုန်စည်ထောက်ပံ့မှု ကွင်းဆက်ဆိုင်ရာ အတားအဆီးနှင့် စိန်ခေါ်မှုများကို ကျော်လွှားဖြေရှင်းနိုင်မည်ဖြစ်ပါသည်။

လေးစားအပ်ပါသော မြန်မာပြည်သူပြည်သားများနှင့် အာဆီယံပြည်သူများခင်ဗျား

တာဝန်သိ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် အာဆီယံပဋိညာဉ်စာတမ်း (ASEAN Charter)နှင့်အညီ အာဆီယံအသိုက်အဝန်းတည်ထောင်မှု လုပ်ငန်းစဉ်များတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် အတူတကွ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် ဥပဒေကြောင်းအရရော ဘဏ္ဍာရေးနှင့် လုပ်ငန်းပိုင်းဆိုင်ရာများတွင်ပါ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ အနေဖြင့် ဖြည့်ဆည်းရမည့် တာဝန်ဝတ္တရားများကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

> **"တာဝန်သိအာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် အာဆီယံပဋိညာဉ်စာတမ်း (ASEAN Charter) နှင့်အညီ အာဆီယံအသိုက်အဝန်းတည်ထောင်မှုလုပ်ငန်းစဉ်များတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် အတူတကွ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိ၊ ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် ဥပဒေကြောင်းအရရော ဘဏ္ဍာရေးနှင့် လုပ်ငန်းပိုင်းဆိုင်ရာများတွင်ပါ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ဖြည့်ဆည်းရမည့် တာဝန်ဝတ္တရားများကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်"**

မြန်မာနိုင်ငံသည် ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ အာဆီယံ-တရုတ် မိတ်ဖက်ဆက်ဆံရေး၏ ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးမှူး တာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့ပါသည်။ ထို့ကြောင့် အာဆီယံနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေးသည် ပိုမိုကျယ်ပြန့်စွမ်းကို မြှင့်တင်မည့် အာဆီယံ" ဆိုသည့် ၂၀၂၄ ခုနှစ် အာဆီယံ ဥက္ကဋ္ဌ လာအိုနိုင်ငံ၏ ဆောင်ပုဒ်သည် ကျိုးကြောင်းဆီလျော်မှုအရှိဆုံး ဆိုသည်ကို ထင်ရှားစွာ တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိတို့အဖွဲ့ဝင်နိုင်ငံများအားလုံးအနေဖြင့် အာဆီယံ၏ ကြံ့ကြံ့ခံနိုင်မှု၊ တိတ်ဆိတ်ဆန်းသစ်မှု၊ တက်ကြွမှုနှင့် ပြည်သူဗဟိုပြုမှုများကို ထိန်းသိမ်းလျက် ပြည်သူများ၏ မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်သည့် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ ကို အပြီးသတ်ရေးဆွဲနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။

ထို့အပြင် ဒေသတစ်ဝန်း စီးပွားရေးနှင့် သက်ဆိုင်သောအဖွဲ့အစည်းများ၏ ဒစ်ဂျစ်တယ်ကုန်စည်စီးဆင်းရေး၊ နယ်စပ်ဒေသဖြတ်ကျော်အီလက်ထရောနစ်ကုန်သွယ်မှုတို့ကို ပိုမိုအားကောင်းစေနိုင်မည့် ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ မူဘောင်သဘောတူစာချုပ်(DEFA) ကို အကောင်အထည်ဖော်ခြင်းဖြင့် ကုန်စည်ထောက်ပံ့မှု ကွင်းဆက်ဆိုင်ရာ အတားအဆီးနှင့် စိန်ခေါ်မှုများကို ကျော်လွှားဖြေရှင်းနိုင်မည်ဖြစ်ပါသည်။

လေးစားအပ်ပါသော မြန်မာပြည်သူပြည်သားများနှင့် အာဆီယံပြည်သူများခင်ဗျား

တာဝန်သိ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် အာဆီယံပဋိညာဉ်စာတမ်း (ASEAN Charter)နှင့်အညီ အာဆီယံအသိုက်အဝန်းတည်ထောင်မှု လုပ်ငန်းစဉ်များတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် အတူတကွ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် ဥပဒေကြောင်းအရရော ဘဏ္ဍာရေးနှင့် လုပ်ငန်းပိုင်းဆိုင်ရာများတွင်ပါ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ အနေဖြင့် ဖြည့်ဆည်းရမည့် တာဝန်ဝတ္တရားများကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ အာဆီယံ-တရုတ် မိတ်ဖက်ဆက်ဆံရေး၏ ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးမှူး တာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့ပါသည်။ ထို့ကြောင့် အာဆီယံနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေးသည် ပိုမိုကျယ်ပြန့်လာခဲ့ပြီး အာဆီယံအသိုက်အဝန်း (၃) ခုလုံး အောက်ရှိ တည်ထောင်ထားရှိပြီးဖြစ်သော အရေးပါသည့် ယန္တရားများမှတစ်ဆင့် သိသာထင်ရှားသော အောင်မြင်မှုများရရှိအောင် မြန်မာနိုင်ငံက ဆောင်ရွက်နိုင်ခဲ့ပါသည်။ မိမိတို့အနေဖြင့် ယခု အရှိန်အဟုန်ဖြင့် အာဆီယံ-ရုရှား မိတ်ဖက်ဆက်ဆံရေး၏ ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးမှူးတာဝန်ကိုလည်း ၂၀၂၄ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ယခုကဲ့သို့ မဂ်လာရှိသည့် (၅၇)နှစ်မြောက် အာဆီယံ နှစ်ပတ်လည်နေ့အခါသမယတွင် ပိုမိုစည်းလုံးညီညွတ်စွာဖြင့် **"တစ်ခုတည်းသော အသိုက်အဝန်း"** ဆိသို့ ဦးတည်လျှောက်လှမ်းသင့်ပါသည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် စံနှုန်းများကို အလေးထားကာ အဖွဲ့ဝင်နိုင်ငံအသီးသီးမှ မိမိတို့ပြည်တွင်းရေးကို ကိုင်တွယ်ဖြေရှင်းကြရာတွင် ချောမွေ့စေရေးအတွက် အဖွဲ့ဝင်နိုင်ငံအားလုံးက အပြုသဘောဖြင့် ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

အာဆီယံမဏ္ဍိုင် (၃)ရပ်လုံးကို လွှမ်းခြုံသော အာဆီယံအသိုက်အဝန်း ဖန်တီးရာတွင် အဖွဲ့ဝင်နိုင်ငံအားလုံးက ကတိကဝတ်များ အပြည့်အဝထားရှိရန် လိုအပ်ပါသည်။ ထိုကတိကဝတ်များသည် အဖွဲ့ဝင်နိုင်ငံအားလုံး၏ သက်ဆိုင်ရာ နိုင်ငံခြားရေးမူပါဒအသီးသီးအတွက် အခြေခံကောင်းများဖြစ်သကဲ့သို့ အာဆီယံအသိုက်အဝန်းကြီး၏ ခိုင်မြဲသောအုတ်ဖြစ်လည်း ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် မြန်မာပြည်သူများနှင့် အာဆီယံပြည်သူများ အားလုံး ပိုမိုငြိမ်းချမ်းပြီး ဆတက်ထမ်းပိုး စည်ပင်သာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

❖ **သိမ်မွေ့နက်နဲပြီး လျင်မြန်စွာပြောင်းလဲနေသည့် ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးမျက်နှာစာများအကြား အာဆီယံအနေဖြင့် စည်းစည်းလုံးလုံးနှင့် ကြံ့ကြံ့ခံနိုင်ပြီး အချိတ်အဆက်မိမိနှင့် တုံ့ပြန်မှုမြန်ဆန်စွာ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ရန် လိုအပ်**

❖ **ထို့ကြောင့် "ပေါင်းစည်းဆက်သွယ်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းကို မြှင့်တင်မည့် အာဆီယံ" ဆိုသည့် ၂၀၂၄ ခုနှစ် အာဆီယံဥက္ကဋ္ဌ လာအိုနိုင်ငံ၏ဆောင်ပုဒ်သည် ကျိုးကြောင်းဆီလျော်မှု အရှိဆုံးဆိုသည်ကို ထင်ရှားစွာ တွေ့မြင်နိုင်မည်ဖြစ်**

❖ **သို့ဖြစ်၍ မိမိတို့အဖွဲ့ဝင်နိုင်ငံများအားလုံးအနေဖြင့် အာဆီယံ၏ ကြံ့ကြံ့ခံနိုင်မှု၊ တိတ်ဆိတ်ဆန်းသစ်မှု၊ တက်ကြွမှုနှင့် ပြည်သူဗဟိုပြုမှုများကို ထိန်းသိမ်းလျက် ပြည်သူများ၏ မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်သည့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ ကို အပြီးသတ်ရေးဆွဲနိုင်ရန် ကြိုးပမ်းလျက်ရှိ**

ရှမ်းပြည်နယ်အစိုးရအဖွဲ့က လူမှုရေးအသင်းအဖွဲ့ ၆၁ ဖွဲ့အတွက် ထောက်ပံ့ငွေကျပ် ၁၃၈ သိန်း ထောက်ပံ့

တောင်ကြီး သြဂုတ် ၇

ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ရှမ်းပြည်နယ်အတွင်းရှိ လူမှုရေး လုပ်ငန်း လုပ်ကိုင်ရန်အတွက် မှတ်ပုံတင်လက်မှတ် ရရှိထား ပြည်နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ

တွေ့ကြုံနေရသည့် အခက်အခဲများ ကူညီဖြေရှင်းပေးနိုင်ရန် အတွက် သြဂုတ် ၆ ရက်က တောင်ကြီးမြို့ ပြည်နယ်အစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ် (တောင်ပိုင်း၊ အရှေ့ပိုင်း) ပအိုဝ်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ လူမှုရေးအသင်းအဖွဲ့များ နှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်နယ် ဝန်ကြီးချုပ်က လူမှုရေးလုပ်ငန်း လုပ်ကိုင်နေသူများအား ပရဟိတ သမားများအဖြစ် လက်ခံကြပြီး ပရဟိတကို သူတစ်ပါးအကျိုး ဆောင်ရွက်ခြင်းဟု ယေဘုယ္ယ အားဖြင့် လက်ခံထားကြကြောင်း၊ ပရဟိတလုပ်ငန်းသည် ပြည်သူ လူထု ပူးပေါင်းပါဝင်ခြင်းနှင့် လူမျိုးဘာသာမခွဲခြားဘဲ ပူးပေါင်းပါဝင်ကြသည့် နည်းလမ်းတစ်ခု ဖြစ်သည့်အတွက် ဒီမိုကရေစီ ဝန်းကျင် တည်ဆောက်ရာတွင် အရေးပါသော စံအစိတ်အပိုင်း တစ်ခုအနေဖြင့် ရှိနေမှုကို တွေ့ရ မည်ဖြစ်ကြောင်း၊ အစိုးရနှင့် ပြည်သူ၊ အစိုးရနှင့် အဖွဲ့အစည်းကြား ကောင်းမွန်သည့် ဆက်ဆံရေးကို တည်ဆောက်နိုင်သည့် အတွက် ပရဟိတအသင်းအဖွဲ့များသည် သာမန်အဖွဲ့အစည်း မဟုတ်ဘဲ အရေးပါသော အဖွဲ့အစည်းများဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော တာချီလိတ်လူမှုရေး အသင်းအဖွဲ့၊ ရှမ်းပြည်နယ် (တောင်ပိုင်း) လူမှုရေးအသင်းအဖွဲ့များက တွေ့ကြုံနေရသည့် အခက်အခဲများ ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လူမှုရေး အသင်းအဖွဲ့များ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ကူညီဖြေရှင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရ အဖွဲ့က လူမှုရေးအသင်းအဖွဲ့ ၆၁ ဖွဲ့အတွက် ထောက်ပံ့ငွေ ၁၃၈ သိန်းကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများက လက်ခံယူကြ ကြောင်း သိရသည်။ (ဝဲပုံ)

မောင်မောင်သန်း(တောင်ကြီး)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း အမျိုးသားမြေအသုံးချမှုကောင်စီ ဆဋ္ဌမအကြိမ် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် သြဂုတ် ၇

အမျိုးသားမြေအသုံးချမှုကောင်စီ ဆဋ္ဌမ အကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ပိုင်းတွင် နေပြည်တော်ရှိ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ အမျိုးသားမြေအသုံးချမှုကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက် အမှာစကားပြောကြားသည်။ **(ယာပုံ)**

အစည်းအဝေးသို့ အမျိုးသား မြေအသုံးချမှုကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဒေါက်တာသီတာဦး၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဦးဥာဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဦးမျိုးသန့်၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယ ဝန်ကြီးများ၊ အမျိုးသားမြေအသုံးချမှု ကောင်စီရှိ အထောက်အကူပြုလုပ်ငန်း ကော်မတီများမှ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အမျိုးသားမြေအသုံးချ မှုကောင်စီဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယို ကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

စနစ်တကျစီမံခန့်ခွဲ

ဦးစွာ အမျိုးသားမြေအသုံးချမှု ကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မြေအရင်းအမြစ်များ သည် လူသားများအတွက် စားရေရိက္ခာ၊ သန့်ရှင်းသည့် ရေနှင့်ဇီဝမျိုးစုံမျိုးကွဲများ အပါအဝင် အခြားဂေဟစနစ် ဝန်ဆောင် မှုများကို ထောက်ပံ့ပေးနေသည့် အခြေခံ အကျဆုံး သဘာဝအရင်းအမြစ်ဖြစ်သကဲ့ သို့ တိုးပွားအောင် လုပ်၍မရသော အကန့်အသတ်ရှိသည့် အရင်းအမြစ် လည်းဖြစ်သည့်အတွက် မြေအရင်းအမြစ် များကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန် အရေးကြီးကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၇ ပါ ပြဋ္ဌာန်းချက်နှင့် အညီ နိုင်ငံတော်၏ မြေအရင်းအမြစ်များ ကို စဉ်ဆက်မပြတ် စီမံခန့်ခွဲအသုံးချနိုင်ရန် မြေနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ ညီညွတ်မျှတရေးနှင့် အမျိုးသားမြေဥပဒေ သစ်တစ်ရပ် ပြဋ္ဌာန်းနိုင်ရန်အတွက် လိုအပ်သော လမ်းညွှန်မူကြမ်းတစ်ခုဖြစ်သည့် အမျိုးသားမြေအသုံးချမူမူဝါဒကို အများ ပြည်သူများ ပူးပေါင်းပါဝင်ရေးဆွဲပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ပြဋ္ဌာန်းခဲ့ ခြင်းဖြစ်ပါကြောင်း။

အဆိုပါ အမျိုးသားမြေအသုံးချမှု မူဝါဒအပိုဒ်-၉၊ အပိုဒ်ခွဲ (က) တွင် လမ်းညွှန်ဖော်ပြထားသည့်အတိုင်း အမျိုး သားမြေအသုံးချမှုမူဝါဒနှင့် သက်ဆိုင် သောဥပဒေများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လက်ရှိမြေစီမံခန့်ခွဲ လျက်ရှိသော ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့အားလုံးမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများပါဝင်သည့် အမျိုးသား မြေအသုံးချမှုကောင်စီကို ဖွဲ့စည်းခဲ့ပြီး မြေစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော လက်ရှိ ဖြစ်ပေါ်နေသည့် အခြေအနေများကို အဖွဲ့ဝင်များအကြား ဆွေးနွေးညှိနှိုင်းပြီး အဖြေရှာရန်အတွက် ယခုကဲ့သို့ အစည်း အဝေးများ ကျင်းပခဲ့သည်မှာ ၆ ကြိမ်တိုင် ခဲ့ပြီဖြစ်ပါကြောင်း။

အရေးကြီးဆုံးတာဝန်တစ်ရပ်ဖြစ်

မြန်မာနိုင်ငံအစိုးရက စီမံခန့်ခွဲလျက် ရှိသော မြေများအတွင်း တရားမဝင် ကျူးကျော်ခြင်း၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်း များအလိုက် ဥပဒေပြဋ္ဌာန်းမှုများ ချိတ်ဆက်မှုအားနည်းခြင်း၊ ဥပဒေတစ်ခု နှင့် တစ်ခုသဟဇာတမဖြစ်ခြင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား လိုက်နာ ဆောင်ရွက်မှုအားနည်းခြင်း၊ မြေအရင်း အမြစ်အချက်အလက်များနှင့် မြေပုံများ တိကျမှန်ကန်မှုမရှိခြင်း၊ မြေပြင်၌ လက်တွေ့စီမံခန့်ခွဲရန် ခက်ခဲခြင်း၊ ဆက်စပ်ဌာနများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်လိုအပ်ခြင်း စသည့် စိန်ခေါ်မှုများကို တွေ့ကြုံနေရကြောင်း၊ ထိုကဲ့သို့စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်း နိုင်ရန်အတွက် ပြည်သူ့အကျိုးပြုနိုင်မည့် လက်တွေ့ကျသည့်မူဝါဒ၊ တရားမျှတ သည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စီမံခန့်ခွဲမှုပုံစံများ ဖြစ်လာစေရန်အတွက် မြေယာစီမံခန့်ခွဲမှုနှင့် ဆက်စပ်နေသော လက်ရှိဥပဒေများကို လေ့လာဆန်းစစ်ပြီး အဆိုပါ ဥပဒေများကို လွှမ်းခြုံသည့် သဟဇာတဖြစ်စေမည့် အမျိုးသား မြေဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းနိုင် ရေးသည့် အရေးကြီးဆုံးတာဝန်တစ်ရပ် ဖြစ်ပါကြောင်း။

မြေအရင်းအမြစ်များကို အကျိုးရှိရှိ ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် အရေးအကြီးဆုံးမှာ မြေအသုံးချမှုနှင့် သက်ဆိုင်သော သတင်းအချက်အလက် များ၊ စာရင်းအင်းများ၊ မြေပုံများ၊ မှတ်တမ်းများအား တစ်စုတစ်စည်းတည်း စုစည်းမှတ်တမ်းထားရှိပြီး အစိုးရဌာန ဆိုင်ရာများနှင့် အဖွဲ့အစည်းများ၊ ပြည်သူ များအနေဖြင့် မြေဆိုင်ရာသတင်းအချက် အလက်များကို လက်လှမ်းမီနိုင်ရန် လိုအပ်ပါကြောင်း။

အဆိုပါကိစ္စရပ်များကို အကောင် အထည်ဖော်နိုင်ရန်အတွက် မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ် (One Map Myanmar) ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအနေဖြင့် Technical Team များ ဖွဲ့စည်းပြီး Pilot Project များ စတင်ဆောင်ရွက်နေသည့်အတွက် အရှိန် အဟုန်မြှင့် ဆက်လက်ကြိုးပမ်းကြရန် ပြောကြားလိုပါကြောင်း၊ ထိုကဲ့သို့ သတင်း အချက်အလက်များကို တစ်စုတစ်စည်း တည်း မှတ်တမ်းထားရှိနိုင်မှသာ မြေစီမံ ခန့်ခွဲ ခြင်းကိစ္စရပ်များ၊ မြေအသုံးချမှုစီမံ ကိန်းရေးဆွဲခြင်းများတွင် အထောက်အကူ ပြုနိုင်မည်ဖြစ်သည့်အတွက် သက်ဆိုင်ရာ ဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက် ပေးကြရန် ထပ်မံတိုက်တွန်းလိုပါကြောင်း။

ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံတွင် ရင်ဆိုင်ကြုံတွေ့ခဲ့ရ သော နာဂစ်မုန်တိုင်း၊ မိုခါမုန်တိုင်းကဲ့သို့ သဘာဝဘေးအန္တရာယ်များ၊ နိုင်ငံအနှံ့ အပြား ရေလွှမ်းမိုးမှု၊ မြေပြိုမှု၊ အပူချိန် လွန်ကဲမှုအစရှိသည့် ရာသီဥတုပြောင်းလဲ မှု နောက်ဆက်တွဲဖြစ်စဉ်များကြောင့် လူမှုဘီးပွားရေး ပျက်စီးဆုံးရှုံးမှုများကို ရင်ဆိုင်ရလျက်ရှိပါကြောင်း၊ အဆိုပါ အချက်များသည် ရာသီဥတုပြောင်းလဲမှု လျှော့ချနိုင်ရေးနှင့် ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ လိုက်လျောညီထွေ ဖြစ်စေရေးအတွက် မြေအရင်းအမြစ်များ ကို ပိုမိုစနစ်တကျ စီမံခန့်ခွဲအုပ်ချုပ်စေရန် မီးမောင်းထိုးပြနေသည်ဖြစ်ရာ ဂေဟစနစ် များကို ကာကွယ်ထိန်းသိမ်းပြီး ရေရှည် တည်တံ့အောင် အသုံးပြုရေး၊ သစ်တော များ ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲရေး နှင့် သဲကန္တာရဖြစ်ထွန်းမှုပျောက်စေရေး၊ မြေယာပြန်းတီး ယိုယွင်းပျက်စီးမှု ရပ်တန့်စေရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပြုန်းတီးမှုရပ်တန့်စေရေး အစရှိသည့် ကာကွယ်ရေးလုပ်ငန်းစဉ်များ ပိုမိုထိရောက် စွာဆောင်ရွက်နိုင်ရေးအတွက် မြေအရင်း အမြစ်များကို စနစ်တကျ စီမံအုပ်ချုပ် လုပ်ကိုင်ရန် အခြေခံအကျဆုံးဖြစ်သည့် အမျိုးသားမြေဥပဒေ ထွက်ပေါ်လာရေး အတွက် ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြ စေလိုကြောင်း ပြောကြားသည်။

မြေကိုအကျိုးရှိစွာအသုံးချ

ထို့နောက် အမျိုးသားမြေအသုံးချမှု ကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အမျိုးသားမြေဥပဒေတစ်ရပ်ပြဋ္ဌာန်းရန်၊ အမျိုးသားမြေအသုံးချမှုကောင်စီ ပဋ္ဌမ အကြိမ်အစည်းအဝေး ဆုံးဖြတ်ချက်(၉) ချက်ပေါ် အလေးထားလိုက်နာဆောင်ရွက် ရန်၊ အမျိုးသားမြေအသုံးချမှုကောင်စီ လုပ်ငန်းတာဝန်(၁၀)ချက်အပေါ် လိုက်နာ ဆောင်ရွက်ရန်၊ မြေသိမ်းဆည်းခြင်း၊ လျော်ကြေးပေးခြင်း ကိစ္စရပ်များကို ပြည်သူများနစ်နာမှု မရှိစေရန် ၁၈۔၉၄ ခုနှစ် မြေသိမ်းဥပဒေနှင့်အညီ ဆောင်ရွက် ရန်၊ စိုက်ပျိုးမြေများကို အခြားနည်းလမ်း ဖြင့် အသုံးမပြုရေး ကြပ်မတ်ဆောင်ရွက် ရန်၊ မြေကိုအကျိုးရှိစွာ အသုံးချရန် အတွက် မြေယာစီမံခန့်ခွဲမှုကို စနစ်တကျ အလေးထား ဆောင်ရွက်သွားရန်၊ မြေအရင်းအမြစ်နှင့် သတင်းအချက် အလက်များ မှန်ကန်စေရန် မြေပုံများ စနစ်တကျ ရေးဆွဲထုတ်ပြန်နိုင်ရန်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အမျိုးသားမြေအသုံးချ မှုကောင်စီ အတွင်းရေးမှူး သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင် မောင်ရီက ပဋ္ဌမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထား ရှိမှု အခြေအနေများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်း နောင်က အမျိုးသားမြေ ဥပဒေရေးဆွဲရေး နှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် အမျိုးသားမြေဥပဒေမူကြမ်း ရေးဆွဲပြုစု နေသည့် အခြေအနေများကိုလည်း ကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီက မြေအသုံးချမှု စီမံကိန်းရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာတင်ထွဋ်က စိုက်ပျိုး ရေးဖွံ့ဖြိုးမှုမဟာဗျူဟာ အကောင်အထည် ဖော် ဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်း ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို လည်း ကောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမင်းသူက မြန်မာနိုင်ငံအမျိုး သားမြေပုံစနစ် (One Map Myanmar) ရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေ အနေများကိုလည်းကောင်း၊ သစ်တော ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးက မြေအသုံးချမှု ဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ကိုလည်းကောင်း ရှင်းလင်းတင်ပြကြ သည်။

ထို့နောက် အမျိုးသားမြေအသုံးချ မှုကောင်စီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဒုတိယ ဝန်ကြီးများက တွေ့ကြုံနေရသည့် မြေစီမံ ခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေး တင်ပြကြသည်။

ပိုင်းဝန်းအကြံပြုဆွေးနွေး

ယင်းနောက် တက်ရောက်လာကြသူ များက အမျိုးသားမြေပုံစနစ် ရေးဆွဲ အကောင်အထည်ဖော်ရေးအတွက် မြေ အသုံးချမှုနှင့် သက်ဆိုင်သော သတင်း အချက်အလက်များ၊ စာရင်းအင်းများ၊ မြေပုံများ၊ မှတ်တမ်းများ ရယူစုဆောင်း ခြင်းဆိုင်ရာကိစ္စရပ်များ၊ မြေအသုံးချမှု ရှေ့ပြေးစီမံကိန်း ရေးဆွဲရေးကိစ္စရပ်များ နှင့် အမျိုးသားမြေဥပဒေမူကြမ်းရေးဆွဲ ခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အမျိုးသားမြေအသုံးချ မှုကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ် ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက အစည်းအဝေးတွင် ဆွေးနွေးချက်များအပေါ် အခြေခံ၍ အနာဂတ်တွင် စနစ်ကျ၍ ကောင်းမွန် သော မြေယာစီမံခန့်ခွဲမှုစနစ်များ ပေါ်ထွန်းလာစေရန် အမျိုးသားမြေအသုံး ချမှု မူဝါဒနှင့်အညီ ပီပြင်ခိုင်မာစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ အမျိုးသားမြေဥပဒေကို လက်တွေ့ကျပြီး ပိုမိုထိရောက်စွာ ရေးဆွဲနိုင်ရေးအတွက် မြေယာစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းနှင့် အညီဖြစ်စေရေး ဌာနအလိုက် ညှိနှိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြား ကာ အစည်းအဝေးကို ရုပ်သိမ်းလိုက် ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယကဒေါ်ကြူကြူလှ ပဲခူးတိုင်းဒေသကြီးမှ ဆောင်းပါးဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယကဒေါ်ခင်သက်ဌေး ကချင်ပြည်နယ်မှ လူမှုရေးထူးချွန်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

။ ရှေ့ဖုံးမှ

အသင်း – MWCDF အနေဖြင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဝမြင့်မားရေးတို့ကို အလေးပေးဆောင်ရွက်နေသည်မှာ (၁၁) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း။ MWCDF ၊ အိန္ဒိယနိုင်ငံ Barefoot College နှင့် မြန်မာနိုင်ငံ အိန္ဒိယသံရုံးတို့ ပူးပေါင်းပြီး နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆိုလာနည်းဖြင့် မီးရရှိစေရေးစီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ကလေးသူငယ်များ အခွင့်အရေးများ ရရှိစေရေးအတွက် မိဘ၊ အုပ်ထိန်းသူများအနေဖြင့် ပြုစုလေ့ကျင့်ပေးနိုင်ရေးကို အဓိကထားကာ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသည့် ကောင်းမွန်စွာဆက်ဆံခြင်းစီမံကိန်း (Good Treatment Project) ကိုလည်း အသင်းတည်ထောင်သည့် ကာလအတွင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

တက်ညီလက်ညီပိုင်းဝန်းပူးပေါင်း

အမျိုးသမီး ကော်မတီများ ဖွဲ့စည်းထားရှိရာတွင်ပြည်ထောင်စုအဆင့်မှသာမက ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခု နှင့် ခရိုင် ၁၃ ခုတို့တွင် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းအနေဖြင့် အဖွဲ့ဝင်အဖြစ် ပါဝင်နေပါကြောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း – NSPAW (၂၀၂၃–၂၀၃၂) ကို ဦးဆောင်ကော်မတီ (၁) ရပ်နှင့် လုပ်ငန်းကော်မတီ (၁၂) ရပ်တို့ ဖွဲ့စည်းကာ စီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသင်းအနေဖြင့် အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ ကလေးသူငယ်များ၏ ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ယဉ်ကျေးလိမ္မာသင်တန်းများ၊ တိုက်ပွဲရှောင်နှင့် သဘာဝဘေးသင့် ပြည်သူများအတွက် လှူဒါန်းမှုများ၊ ကိုဗစ်-၁၉ ကာလအတွင်း ကျေးလက်နေအမျိုးသမီး ဦးဆောင် အိမ်ထောင်စုများအတွက် သက်မွေးသင်တန်းများ၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်ကို အစီရင်ခံစာများအရသိရှိရပါကြောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃–၂၀၃၂)၏လုပ်ငန်းနယ်ပယ် (၁၂)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ လုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင်မှု၊ ဒေသအဆင့်ဆင့် တွင်ရှိသည့် အမျိုးသမီးကော်မတီများအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းအပါအဝင် အမျိုးသမီးအဖွဲ့အစည်းများ အားလုံး၊ မိတ်ဖက်အဖွဲ့အစည်းများအားလုံးကလည်း မဟာဗျူဟာစီမံကိန်း ရည်မှန်းချက်များ ပြည့်မီအောင် ယခုထက်ပိုမိုပြီး တက်ညီလက်ညီ ပိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဝေဝေသာက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းမှ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာ နန္ဒာသွန်းက "ရှေ့သို့လှမ်းချီ အာဆီယံနိုင်ငံများရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆီ" ခေါင်းစဉ်ဖြင့် အကျယ်တဝင့်ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၏ ဆောင်ပုဒ်ဖြစ်သော "လုံခြုံလုပ်ဘဝများ အမျိုးသမီးနှင့် ကလေးများရစေသား" Documentary Movie နှင့် ကောင်းမွန်စွာဆက်ဆံခြင်းမှသည် ပြောင်းလဲခြင်းဆီသို့ ဦးတည်ဆောင်ရွက်သည့် အသင်း၏ လှုပ်ရှားမှုမှတ်တမ်းကို ပြသသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကချင်ပြည်နယ်မှ World Vision International Founder Award ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

ဆုများပေးအပ်ချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက ပဲခူးတိုင်းဒေသကြီးမှ ဆောင်းပါးဆုများရရှိသူနှင့် ရှမ်းပြည်နယ်မှ လူမှုရေးထူးချွန်ရရှိသူတို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဂုဏ်ထူးဆောင် နာယက ဒေါ်ခင်သက်ဌေးက ကချင်ပြည်နယ်မှ လူမှုရေးထူးချွန်ဆုရရှိသူကို ဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက ကချင်ပြည်နယ်မှ World Vision International Founder Award ရရှိသူကို ဆုချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင် နာယကများ ဖြစ်ကြသည့် ဒေါ်ကြူကြူလှနှင့် ဒေါ်ခင်သက်ဌေးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ခင်းကျင်းပြသထားသည့် ဓာတ်ပုံမှတ်တမ်းပြခန်းနှင့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာ အားပေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယပိုင်း အစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် ဒေါ်ကြူကြူလှနှင့် ဒေါ်ခင်သက်ဌေးတို့ အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme – UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ကို လက်ခံတွေ့ဆုံ

နေပြည်တော် သြဂုတ် ၇

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme – UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေ ကိုယ်စားလှယ် Mr. Titon Mitra ကို ယနေ့ နံနက် ၁၀ နာရီခွဲက နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (United Nations Development Programme – UNDP) တို့အကြား လက်ရှိပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်(UNDP)နှင့် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်အဖွဲ့(UNOPS) တို့ကို သီးခြားစီလက်ခံတွေ့ဆုံ

နေပြည်တော် သြဂုတ် ၇

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme – UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Titon Mitra နှင့် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services–UNOPS) ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ် Ms. Sara Austin Netzer နှင့် အဖွဲ့တို့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme –UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်နှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် UNDP မှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစီမံချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **(ဝဲပုံ)**

အမြင်ချင်းဖလှယ်ဆွေးနွေး

ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services– UNOPS)၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် UNOPS က ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

MSME အထောက်အကူပြုအသုံးချပညာရပ်များ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ဘားအံ သြဂုတ် ၇

ဘားအံ တက္ကသိုလ်တွင် တက်ရောက် ပညာသင်ကြားပြီး စတုတ္ထနှစ်ပြီးမြောက်၍ သက်ဆိုင်ရာဘွဲ့အသီးသီးကို ရရှိပြီးသော ကျောင်းသား ကျောင်းသူများသည် အသုံးချပညာရပ်တစ်ခုကို ကျွမ်းကျင်စွာ တတ်မြောက်သွားပြီး လုပ်ငန်းရှင်များအဖြစ် လည်းကောင်း၊ အခြားသော လုပ်ငန်းခွင်များတွင် ကျွမ်းကျင်သူများအဖြစ် လည်းကောင်း၊ အသေးစား၊ အလတ်စား၊ အငယ်စား စီးပွားရေးလုပ်ငန်းများတွင် ဦးဆောင်သူများအဖြစ် ပါဝင်ဆောင်ရွက်နိုင်ရန် သြဂုတ် ၇ ရက်နံနက်ပိုင်းက ဘားအံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် MSME အထောက်အကူပြု အသုံးချပညာရပ်များ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ကျင်းပသည်။

အလုပ်ရုံ ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကား ပြောကြားပြီး အလုပ်ရုံ ဆွေးနွေးပွဲအတွက် ငွေကျပ် ခုနှစ်သိန်းကို ပါမောက္ခချုပ်ထံ ထောက်ပံ့ပေးအပ်ကာ ပါမောက္ခချုပ် ဒေါက်တာ စိုးစိုးအေးက MSME အထောက်အကူပြု အသုံးချပညာရပ်များ အလုပ်ရုံ ဆွေးနွေးပွဲနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သမိုင်း၊ ပထဝီဝင်၊ အရှေ့တိုင်း ပညာဌာနများမှ ပါမောက္ခဌာနမှူးများက သက်ဆိုင်ရာ ဌာနများအလိုက် ဆွေးနွေးမည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြကြပြီး ဘားအံတက္ကသိုလ် ကျောင်းသား ကျောင်းသူများက တက္ကသိုလ်နန်းတော်သီချင်းဖြင့်သီဆို ဖျော်ဖြေတင်ဆက်ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါအလုပ်ရုံ ဆွေးနွေးပွဲတွင် ဘားအံတက္ကသိုလ် သိပ္ပံဘာသာရပ်ဌာန လေးခုနှင့် ဝိဇ္ဇာဘာသာရပ်ဌာန သုံးခုတို့မှ စတုတ္ထနှစ် ကျောင်းသား ကျောင်းသူ ၃၀၃ ဦးတို့က သက်ဆိုင်ရာ ဘာသာရပ်များ အလိုက် အသုံးချပညာရပ်များကို သြဂုတ် ၂၀ ရက်ထိ (၁၀) ရက်ကြာ စာတွေ့လက်တွေ့ လေ့လာသင်ကြား ဆွေးနွေးသွားကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ရပ်စောက်မြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲနှင့် အသိပညာပေးဟောပြောပွဲကျင်းပ

ရပ်စောက် သြဂုတ် ၇

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်တွင် သစ်တောဦးစီးဌာနမှကြီးမှူး၍ သစ်တောသစ်ပင်များမှ ရရှိနိုင်သောအကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောဆွေးနွေးပွဲနှင့် စုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက်ပိုင်းက နောင်ခမ်းကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ပြုလုပ်သည်။

ဦးစွာ ရပ်စောက်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးပြည့်ဖြိုးမောင်နှင့် ဒုတိယဦးစီးမှူး ဦးမောင်ခိုင်တို့က သစ်တောသစ်ပင်များမှ ရရှိနိုင်သောအကျိုးကျေးဇူးများ၊ ရာသီဥတုပြောင်းလဲမှုနှင့် သစ်တောသစ်ပင်များ၏ အရေးပါမှုကဏ္ဍများ၊ သစ်ပင်ပျိုးထောင်သည့် နည်းစနစ်များ၊ သစ်တောနှင့် ရေဝေရေလဲဒေသ ထိန်းသိမ်းရေးလုပ်ငန်းများ စသည့်တို့ကို အသိပညာပေးဟောပြောဆွေးနွေးကြသည်။

ဆက်လက်၍ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများသည် ကျောင်းအတွင်း၊ အပြင်တို့၌ သစ်အမျိုးအစား ငါးမျိုး၊ စုစုပေါင်းသစ်ပင် ၁၂၅ ပင်တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

မြို့နယ်(ပြန်/ဆက်)

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီး မိုးအောင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် သြဂုတ် ၇
အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ မုံခွန်း ဝိစစ်စတန် (Mr. Mongkol Visitstump) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဧည့်တွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ BIMSTEC ဆိုင်ရာကိစ္စရပ်များ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ နှစ်ဖက်အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် ထိုင်းနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

(၃၆) ကြိမ်မြောက် ဗုဒ္ဓဟူးနေ့စကားဝိုင်းဆွေးနွေးပွဲကို "အစေ့ထုတ်ပြောင်းသီးနှံ တန်ဖိုးကွင်းဆက်မြှင့်တင်ရေး" ခေါင်းစဉ်ဖြင့် ကျင်းပ

နေပြည်တော် သြဂုတ် ၇
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လစဉ်ဗုဒ္ဓဟူးနေ့များ၌ ကျင်းပလျက်ရှိသည့် စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ညနေပိုင်းတွင် (၃၆) ကြိမ်မြောက် ကျင်းပရာ သက်ဆိုင်ရာဌာန ကိုယ်စားလှယ်များ၊ အစေ့ထုတ် ပြောင်းသီးနှံ ကျွမ်းကျင်သူများက "အစေ့ထုတ်ပြောင်းသီးနှံ တန်ဖိုးကွင်းဆက်မြှင့်တင်ရေး" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။

စကားဝိုင်း ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး က ပြည်ပသို့ တင်ပို့ရောင်းချရန်နှင့် ပြည်တွင်းမွေးမြူရေးအစာ ထုတ်လုပ်ရန်အတွက် အဓိကစိုက်ပျိုး ထုတ်လုပ်ကြသည့် အစေ့ထုတ်ပြောင်းသီးနှံကို စုစုပေါင်း ဧက ၁ ဒသမ ၇ သန်းခန့် စိုက်ပျိုးလျက်ရှိကြောင်း၊ နှစ်စဉ် တန်ချိန် သုံးသန်းခန့် ထုတ်လုပ်လျက်ရှိကာ စပါးပြီးလျှင် ဒုတိယ အရေးပါသော သီးနှံတစ်မျိုးဖြစ်ကြောင်း၊ အစေ့ထုတ်ပြောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်နိုင်ရေးနှင့် အရည်အသွေးကောင်းမွန်သော တန်ဖိုးမြင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် လုပ်ငန်းစဉ်ကွင်းဆက်တစ်လျှောက် ပါဝင်ပတ်သက်သူအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သဖြင့် ယခုဆွေးနွေးပွဲတွင် ကဏ္ဍစုံရှုထောင့်စုံမှ ဆွေးနွေးသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ၏ လက်ရှိအစေ့ထုတ်ပြောင်းစိုက်ပျိုး ထုတ်လုပ်မှုအခြေအနေနှင့် ထုတ်လုပ်မှုတိုးမြှင့်ရေး၊ အစေ့ထုတ်ပြောင်း တန်ဖိုးကွင်းဆက်တစ်ခုအဖြစ်ပါဝင်သည့် မွေးမြူရေး အစာကဏ္ဍ၊ ဈေးကွက်လိုအပ်ချက်နှင့် ထုတ်လုပ်မှု၊ တန်ဖိုးမြင့် ကုန်စည်အနေဖြင့် ထုတ်လုပ်မှု အခြေအနေ၊ အား နည်းချက် အားသာချက်များကို လေ့လာသုံးသပ်ခြင်း၊ အစေ့ထုတ်ပြောင်း တန်ဖိုးကွင်းဆက်ဆိုင်ရာ သုတေသနဆောင်ရွက်မှု၊ မွေးမြူရေးတိရစ္ဆာန်အစာနှင့် ဆက်စပ်သုတေသနများ၊ လုပ်ငန်းရှင်များ ၏ အစေ့ထုတ်ပြောင်းဆိုင်ရာ ကြုံတွေ့ရမှု အချက်အလက်များ အပေါ် ဆွေးနွေးခဲ့ကြသည်။

စကားဝိုင်း ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးနှင့် ဦးဗိုလ်ဗိုလ်ကျော်၊ အမြဲတမ်း အတွင်းဝန် နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ အရာထမ်း အမှူထမ်း ၁၅၀ ကျော် တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများ၊ အစေ့ထုတ်ပြောင်းနှင့် ပတ်သက်၍ စိတ်ဝင်စားသူများက အွန်လိုင်းစနစ်ဖြင့် ပါဝင် တက်ရောက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပျူခေတ်ဆိုင်ရာ အထောက်အထားအချက်အလက်ဆွေးနွေးပွဲ (ပျူအက္ခရာ နှင့်ပျူစာပေ) ဒုတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် သြဂုတ် ၇
မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ကို ရေးသားပြုစုရန် ပျူခေတ်ဆိုင်ရာ အထောက်အထား အချက်အလက်ဆွေးနွေးပွဲ (ပျူအက္ခရာနှင့် ပျူစာပေ) ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် (ရန်ကုန်)၌ ဆက်လက်ကျင်းပသည်။ **(အောက်ပုံ)**

ဆွေးနွေးပွဲသို့ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြ၏၊ မြန်မာသမိုင်းအဖွဲ့ပညာရှင်ကြီးများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရှင်များ၊ ပျူခေတ်သုတေသနတူးဖော်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ ပျူယဉ်ကျေးမှုနှင့် ပျူခေတ်ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ပျူအက္ခရာနှင့်ပျူစာပေဆိုင်ရာ တွေ့ရှိချက်များနှင့် ပတ်သက်သည့် အထောက်အထားများ ၊ သံခေတ်နှင့် ပျူခေတ်အရိုးနမူနာများမှ ကာဗွန်သက်တမ်းနှင့် DNA Sequencing ဆိုင်ရာ သုတေသနဆောင်ရွက်နေမှု အခြေအနေများ၊ ပျူဘာသာစကားရှိ အရေအတွက်နှင့် အစဉ်ဖော်ပြမှု စနစ်များအား ပညာရှင်များက ရှင်းလင်းဆွေးနွေးကြရာ ဆွေးနွေးချက်များအပေါ် ဒုတိယဝန်ကြီးက သုံးသပ်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ပျူခေတ်ဆိုင်ရာ အထောက်အထား အချက်အလက်ဆွေးနွေးပွဲ၏ ကဏ္ဍတစ်ခုဖြစ်သော ပျူအက္ခရာနှင့် ပျူစာပေဆွေးနွေးပွဲကို နှစ်ရက်ကြာ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။ **သတင်းစဉ်**

မိုးစပါးနှင့် ပီလောပီနံစိုက်ပျိုးသည့် သမဝါယမအသင်းများသို့ တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးစရိတ်များ ပံ့ပိုးပေးအပ်

ကျုံပျော် သြဂုတ် ၇
ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မိုးစပါးစိုက်ပျိုးသည့် အင်းမကျေးရွာရှိ သုခမြိုးစိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းသို့ တစ်ဧက လျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် မိုးစပါးစိုက်ဧက ၁၀၀ အတွက် စိုက်ပျိုးစရိတ် ပံ့ပိုးငွေကျပ်သိန်း ၂၀၀ အား ပံ့ပိုးပေးအပ်ခဲ့သည်။

ထို့ပြင် ပီလောပီနံ စိုက်ပျိုးသည့် ကျုံပျော်မြို့နယ် ကညင်ဆိုင်ကျေးရွာရှိ ရွှေကညင် စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း၊ အင်းတရော်ကျေးရွာရှိ ပိုမိုပြည့်စုံစိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်း၊ လှည်းဆိပ်ကျေးရွာရှိ ရွှေဥဒေါင်း စိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းများမှ အသင်းသားများသို့ တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ပီလောပီနံ စိုက်ဧက ၃၀၀ အတွက် စိုက်ပျိုးစရိတ်ပံ့ပိုး ငွေကျပ်သိန်း ၆၀၀ အား ပံ့ပိုးပေးအပ်ခဲ့သည်။ **သတင်းစဉ်**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင် လိုအပ်သည့် ကူညီပံ့ပိုးမှုများကို တည်ဆဲဥပဒေ စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်မည့်ကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် သြဂုတ် ၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း၀နှင်းကြီးဌာန ပြည်ထောင်စု၀နှင်းကြီး ဦးမင်းနောင်သည် ကုလသမဂ္ဂ စီမံကိန်း ၀နှင်းဆောင်အရှုံး(United Nations Office for Project Services– UNOPS) ၏မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ် Ms. Sara Austin Netzer ကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စု ၀နှင်းကြီးရုံး ဇည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများ တွင် လိုအပ်သည့် ကူညီပံ့ပိုးမှုများကို တည်ဆဲဥပဒေ စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်မည့်ကိစ္စရပ်များ ကို ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ အမြတမ်းအတွင်း၀နှ၊ ညွှန်ကြားရေး မှူးချုပ်များနှင့် ဌာနတာ၀နှရှိသူများ တက်ရောက်ကြ ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စု၀နှင်းကြီး ဒေါက်တာချာလီသန်း မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် အထူးရန်ပုံငွေ (၂၀၂၃)ဖြင့် ဆောင်ရွက်သည့် စားသောက်ကုန်လုပ်ငန်းကဏ္ဍတွင် စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးဆိုင်ရာ အသိပညာမြှင့်တင်ရေးဆွေးနွေးပွဲ တက်ရောက်

နေပြည်တော် သြဂုတ် ၇

မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် အထူးရန်ပုံငွေ (၂၀၂၃)ဖြင့် ဆောင်ရွက်သည့် စားသောက်ကုန်လုပ်ငန်းကဏ္ဍတွင် စွမ်းအင်အကျိုးရှိ ထိရောက်စွာ သုံးစွဲရေးဆိုင်ရာ အသိပညာမြှင့်တင်ရေးဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စု၀နှင်းကြီး ဒေါက်တာချာလီသန်းသည် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) နေပြည်တော်ရှိ အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်အမှာစကား ပြောကြားသည်။ **(အပေါ်ယာပုံ)**

တာ၀နှ်ရှိသူများတက်ရောက်

ဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအဖွဲ့ဝင်များ၊ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့(မြန်မာ)မှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ၀နှင်းကြီးဌာနများ၊ စားသောက်ကုန် လုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များနှင့် ဆက်စပ် အဖွဲ့အစည်းများမှ တာ၀နှ်ရှိသူ များ တက်ရောက်ကြသည်။

၂၀ ရာခိုင်နှုန်းလျှော့ချနိုင်ရန် ရည်မှန်းထား

ဦးစွာ ပြည်ထောင်စု၀နှင်းကြီး က စက်မှုဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းတွင် စွမ်းအင် အကျိုးရှိထိရောက်စွာ သုံးစွဲရေး လုပ်ငန်းများကို တာ၀နှ်ယူဆောင်ရွက်နေသည့် တာ၀နှ်ခံ၀နှ်ကြီးဌာန ဖြစ်သည့်အတွက် လုပ်ငန်းများကို ထိထိရောက်ရောက်နှင့် အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်လိုသည့် အတွက်အမျိုးသားအဆင့်စွမ်းအင် အကျိုးရှိထိရောက်စွာသုံးစွဲရေးနှင့် ထိန်းသိမ်းရေးမူ၀ါဒ၊ မဟာဗျူဟာ နှင့် ရှေ့လုပ်ငန်းစဉ်များကို ၂၀၁၆ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းထား ကြောင်း၊ မူ၀ါဒရည်မှန်းချက်အနေ ဖြင့် ၂၀၁၂ ခုနှစ် စွမ်းအင်သုံးစွဲမှုကို အခြေခံပြီး ၂၀၃၀ ပြည့်နှစ်တွင် ၂၀ ရာခိုင်နှုန်း လျှော့ချနိုင် ရန် ရည်မှန်းထားကြောင်း၊ မဲခေါင်–လန်ချန်း အစီအစဉ်ဖြင့် ဆောင်ရွက်မည့် စီမံကိန်းပါ လုပ်ငန်းများသည် စက်မှုကဏ္ဍနှင့် သက်ဆိုင်သည့် လုပ်ငန်းများဖြစ် ကြောင်း၊ စက်မှုကဏ္ဍ၌ စွမ်းအင် သုံးစွဲမှုများသည် စက်ရုံ အလုပ်ရုံ များတွင် စွမ်းအင်စီမံခန့်ခွဲမှုစနစ် ကျင့်သုံးနိုင်ရန်နှင့် စွမ်းအင် မန်နေဂျာများ မွေးထုတ်ပေးမှုကို တွန်းအားပေး ဆောင်ရွက်သွား မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှု လုပ်ငန်းစဉ်များတွင်လည်း စွမ်းအင် အကျိုးရှိထိရောက်စွာ သုံးစွဲရေး နည်းပညာများကို အသုံးချရန်နှင့် စွမ်းအင်စွမ်းဆောင်ရည် မြင့်မား သည့် စက်နှင့် စက်ပစ္စည်း ကိရိယာများအသုံးပြု ဆောင်ရွက် သွားရန် စသည့်လုပ်ငန်းစဉ်များ ပါ၀င်ကြောင်း၊ ထုတ်လုပ်မှုကဏ္ဍ တွင် ထုတ်လုပ်မှု ကုန်ကျစရိတ်၏ ၄၀ ရာခိုင်နှုန်းခန့်သည် စွမ်းအင် သုံးစွဲမှုစရိတ်များ ဖြစ်ကြောင်း၊ စွမ်းအင် အလေအလွင့် မရှိအောင် ဆောင်ရွက်ခြင်းဖြင့် ထုတ်လုပ်မှု တွင် စွမ်းအင်ကုန်ကျစရိတ်ကို လျော့နည်းသက်သာစေမည်ဖြစ် ကြောင်း၊ နိုင်ငံ၏စီးပွားရေးသည် စိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးဖြစ်ပြီး စက်မှုဝန်ကြီး ဌာနမှ ဖွတ်ပုံတင်ထားသည့် စက်မှုလုပ်ငန်း စာရင်းအင်းအချက် အလက်များအရ ပြည်တွင်းစက်မှု လုပ်ငန်းအများစုသည် စားသောက် ကုန်ထုတ်လုပ်သည့် လုပ်ငန်းများ ဖြစ်ကြောင်း။

အကျိုးရှိအောင်မြင်သော အစီအစဉ်တစ်ခုဖြစ်

ထို့ကြောင့် ယခုစီမံကိန်းတွင် စွမ်းအင်အကျိုးရှိ ထိရောက်စွာ သုံးစွဲရေးလုပ်ငန်းများကို အကောင် အထည်ဖော် ဆောင်ရွက်ရန် အတွက် စားသောက်ကုန်လုပ်ငန်း များကို ဖြစ်နိုင်ခြေရှိသည့် ဦးစား ပေးလုပ်ငန်းများအဖြစ် ရွေးချယ် ထည့်သွင်း ဆောင်ရွက်ခြင်းဖြစ် ကြောင်း၊ ယခုဆွေးနွေးပွဲ သည် ရန်ကုန်မြို့တွင်ရှိသည့် စားသောက်ကုန်လုပ်ငန်းအများစု အတွက်ရည်ရွယ်ပြီး စွမ်းအင် အကျိုးရှိစွာသုံးစွဲရေး နည်းပညာ များ မျှဝေသွားမည်ဖြစ်ကြောင်း၊ စွမ်းအင် အကျိုးရှိထိရောက်စွာ သုံးစွဲရေးဆိုင်ရာ နည်းပညာများ နှင့် စားသောက်ကုန်လုပ်ငန်း ဆိုင်ရာ သတင်းအချက်အလက် များကို သက်ဆိုင်ရာပညာရှင်များ က ဆွေးနွေးပြောကြားပေးမည် ဖြစ်ကြောင်း၊ ယနေ့အသိပညာ မျှဝေခြင်းဆွေးနွေးပွဲသည် အကျိုး ရှိအောင်မြင်သော အစီအစဉ်တစ်ခု ဖြစ်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်နေမှု ရှင်းလင်းဆွေးနွေး

ဆက်လက်၍ စက်မှုပူးပေါင်း ဆောင်ရွက်ရေးဦးစီးဌာန ညွှန် ကြားရေးမှူးချုပ်က စွမ်းအင် အကျိုးရှိထိရောက်စွာ သုံးစွဲနိုင် ရေးအတွက် ဆောင်ရွက်ခဲ့မှု၊ ညွှန်ကြားရေးမှူးက အစား အသောက် ထုတ်လုပ်မှုကဏ္ဍတွင် စွမ်းအင်အကျိုးရှိ ထိရောက်စွာ သုံးစွဲနိုင်ရေးအတွက် ဆောင်ရွက် နေမှု၊ အမျိုးသားအဆင့် အတိုင် ပင်ခံကိုယ်စားလှယ်က အစား အသောက်ထုတ်လုပ်မှု ကဏ္ဍ၌ နိုင်ငံတကာတွင် စွမ်းအင်အကျိုးရှိ ထိရောက်စွာ သုံးစွဲမှုနှင့်ပတ်သက် ၍ကောင်းမွန်သည့် အလေ့အကျင့် များ၊ မြန်မာနိုင်ငံအစားအသောက် ထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းကိုယ်စားလှယ်က အစား အသောက် ထုတ်လုပ်မှုကဏ္ဍတွင် စွမ်းအင်အကျိုးရှိ ထိရောက်စွာ သုံးစွဲရေးအတွက် ပူးပေါင်း ဆောင်ရွက်နေမှု၊ သိပ္ပံနှင့် နည်း ပညာ၀န်ကြီးဌာန ကိုယ်စားလှယ် က အစားအသောက် ထုတ်လုပ်မှု ကဏ္ဍတွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးပြုရန် လမ်းညွှန် ချက်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာ ကောင်စီ ကိုယ်စားလှယ်က စွမ်းအင်အကျိုးရှိ ထိရောက် စွာ ဆောင်ရွက်နိုင်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်နေမှု အခြေ အနေတို့ကို ရှင်းလင်းဆွေးနွေး ကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခြင်း၊ အကြံပြုဆွေးနွေးခြင်း၊ စွမ်းအင် အကျိုးရှိထိရောက်ရန် ဆောင်ရွက် နိုင်ရေးအတွက် နည်းလမ်းများ ချမှတ်ခြင်းများ ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

မြစ်ရေကြီးမှုအခြေအနေများ

မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြု

နေပြည်တော် သြဂုတ် ၇

မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ **စစ်တောင်းမြစ်ရေ**သည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ ပေ၀က်ခန့် (၁၅ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ သုံးပေခွဲခန့် (၁၀၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း ပေ၀က်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ် ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ လေးပေခွဲခန့် (၁၃၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ် ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) သို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက် ၆ နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည် ကျဆင်းနိုင်သည်။

ဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၀ ဒသမ ၃၄ ပေ (၆၂၀ စင်တီမီတာ) အထက်သို့ သုံးလက်မခန့် (၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်၊ ဘားအံမြို့နယ်၊ သာပေါင်းမြို့နယ်၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိမြစ်ကမ်းအနီးနှင့်မြေနိမ့်မှိပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြု အပ်ပါသည်။

မိုး/ဇလ

MNDAA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝ လက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း အသင်းအဖွဲ့များမှ သဘောထားများ ထုတ်ပြန်

နေပြည်တော် သြဂုတ် ၇

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့တွင် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံနှင့် ရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို အမှေဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ဒေသခံပြည်သူအချို့မှာလည်း ယာယီနေရပ်စွန့်ခွာနေရသည်။

ထိုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု(War Crime)မြောက်သည့် လူမဆန်စွာရက်စက် ယုတ်မာ ရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း YMBA (ရှမ်းပြည်နယ်) နှင့် ကိုးကန့်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း(ရန်ကုန်)တို့က သဘောထားများ အသီးသီး ထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ရှမ်းပြည်နယ်)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ သြဂုတ်လ (၇) ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

၂။ ထိုအပြင် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှလည်း နေရပ်စွန့်ခွာပြီး ယာယီတိုက်ပွဲရှောင်နေရချေ့ လူမှုစီးပွားဘဝများ ဆုံးရှုံးရလျက်ရှိကြောင်း သိရှိရပါသည်။

၃။ ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့်မသက်ဆိုင်သည့် ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခြင်း၊ လူနေရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် တိုက်ခိုက်ခြင်းနှင့် သာသနိက အဆောက်အဦများ စစ်ရေးအတွက် အသုံးပြုနေခြင်းတို့ကို ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း YMBA(ရှမ်းပြည်နယ်)က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ရှမ်းပြည်နယ်)

ကိုးကန့်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်း၏ သဘောထားထုတ်ပြန်ချက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်ရှိ လူနေအိမ်များ၊ ရပ်ကွက်များနှင့် တပ်မတော်ဆေးရုံကို အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှော့တိုက်ဒုံး၊ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းတို့ကြောင့် အပြစ်မဲ့ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အမှေဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ လူနေအိမ်များအပါအဝင် ရပ်ကွက်များ၊ သာသနိကအဆောက်အဦများ၊ ဆေးရုံ အဆောက်အဦများအပေါ် အကြောင်းမဲ့ ပစ်ခတ်ဖျက်ဆီးမှုများ ပြုလုပ်နေကြသည့်အတွက် ဒေသခံပြည်သူများမှ နေရပ်စွန့်ခွာနေရပြီး အိုးအိမ်များ ဆုံးရှုံးနေရခြင်း၊ လူမှုဘဝများ ဆုံးရှုံးနေရခြင်းတို့ကြောင့် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့၏ လုပ်ရပ်များအား လုံးဝ(လုံးဝ) လက်မခံနိုင်ပါကြောင်းနှင့် ကန့်ကွက်ရှုတ်ချပါကြောင်း မြန်မာနိုင်ငံ ကိုးကန့်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းမှ သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ကိုးကန့်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်း

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

ဆေးတက္ကသိုလ်(မန္တလေး)၌ (၁၃) ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

မန္တလေး သြဂုတ် ၇

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန (၁၃)ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဂုဏ်ထူးဆောင် ပါမောက္ခများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့နှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်/တိုင်းဒေသကြီးများမှ ကိုယ်စားလှယ်များ၊ စာတမ်းရှင်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များတက်ရောက်ကြသည်။

အခမ်းအနားကို နဝရတ်ကတိသစ္စာ သံပြိုင်ရွတ်ဆို ဖွင့်လှစ်ပြီး သဘာပတိ၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာ အေးထွန်းက အဖွင့်အမှာစကား ပြောကြားကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူး၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းနှင့် ဧည့်သည်တော်များသည် ပိုစတာများကို လှည့်လည်ကြည့်ရှုကြသည်။ (ယာပုံ)

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်(MIIT) တို့ ပူးပေါင်း ကျင်းပသည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်း ရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲသို့တက်ရောက်ပြီး အိန္ဒိယကောင်စစ်ဝန်ချုပ် H.E. Mr.Sundeep Kaushal နှင့် တာဝန်ရှိသူများ၊ မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ် (MIIT) မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ အထိမ်းအမှတ်သစ်ပင်များကို စိုက်ပျိုးကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပုသိမ်မြို့နယ်၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အကောင်းဆုံး ကျောင်းများနှင့် ထူးချွန် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

ပုသိမ် သြဂုတ် ၇

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာ အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ရုတနာတန်ဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက အမှာစကား ပြောကြားပြီး ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အောင်ချက် အကောင်းဆုံးရကျောင်းများနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

အောင်လံမြို့၌ အာဟာရရက်သတ္တပတ်အကြိုလှုပ်ရှားမှု ကျင်းပ

အောင်လံ သြဂုတ် ၇

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာန (အောင်လံ)နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (အောင်လံ)တို့ ကြီးမှူးကျင်းပသော အာဟာရရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်လံမြို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ထို့နောက် ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များအား အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး အာဟာရဆိုင်ရာ ကျန်းမာရေးလှုပ်ရှားမှုပြခန်းနှင့် မူလတန်းကျောင်းသား ကျောင်းသူများ ဆေးရောင်ခြယ် ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုပြီး ဆေးရောင်ခြယ်ဖြိုင်ပွဲတွင် ဆုရရှိသော မူလတန်းကျောင်းသား ကျောင်းသူများအား ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)

ကိုယ်အလေးချိန် ထိန်းသိမ်းခြင်းနှင့် ကျန်းမာရေး

ဒေါက်တာဇေယျာဝင်း

သင့်ကိုယ်ခန္ဓာအလေးချိန်ဟာ သင့်ကျန်းမာရေးကို များစွာသက်ရောက်မှုရှိစေနိုင်ပါတယ်။ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အစားအသောက်ပုံစံနဲ့ လေ့ကျင့်ခန်းပြုလုပ်ခြင်း စတဲ့ အလေ့အထများဟာ ခန္ဓာကိုယ်အလေးချိန် ထိန်းသိမ်းနိုင်ရုံတင်မကဘဲ နှလုံးကျန်းမာရေး၊ အရိုးအဆစ်ကျန်းမာရေး၊ အဆုတ်ကျန်းမာရေး စသည်တို့အတွက် တိုးတက်ကောင်းမွန်တဲ့ရလဒ်များကို ရစေပါတယ်။



ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ စာရင်းများအရ ၂၀၂၂ ခုနှစ်မှာ လူရှစ်ဦးအနက် တစ်ဦးဟာ ရှိသင့်တဲ့ ကိုယ်အလေးချိန်ထက် ပိုများနေကြောင်း၊ လူဦးရေသန်း ၈၉၀ ခန့်က အဝလွန်ရောဂါ ခံစားနေရကြောင်း၊ ၁၉၉၀ ပြည့်နှစ်နဲ့ နှိုင်းယှဉ်ရင် ကမ္ဘာပေါ်မှာ အဝလွန်သူဦးရေ နှစ်ဆတိုးပွားလာကြောင်း သိရှိရပါတယ်။ ရှိသင့်တဲ့ ကိုယ်အလေးချိန်ထက်များခြင်းနဲ့ အဝလွန်ခြင်းကြောင့် တစ်ဆက်တစ်စပ်တည်းအနေနဲ့ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ကင်ဆာရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ အစာအိမ်အူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ ဦးနှောက်နဲ့ အာရုံကြောဆိုင်ရာ ရောဂါများအပြင် စိတ်ကျရောဂါများ စသဖြင့် ဖြစ်ပွားစေနိုင်ပါတယ်။ ဒဲ့ကြောင့် ကိုယ်အလေးချိန် ထိန်းသိမ်းခြင်းကို မဖြစ်မနေ ဆောင်ရွက်သင့်ပါတယ်။

ကိုယ်အလေးချိန် ထိန်းသိမ်းခြင်းဆိုင်ရာ နေထိုင်စားသောက်မှုပုံစံနဲ့ ပတ်သက်လို့ အစဉ်အမြဲ သိပ္ပံနည်းကျ သုတေသနပြုလုပ်မှုများ လုပ်ဆောင်လျက်ရှိပြီး တွေ့ရှိချက်များကလည်း အစဉ်တိုးတက် ပြောင်းလဲနေပါတယ်။ သိပ္ပံနည်းကျတွေ့ရှိချက်များကို အခြေခံမှလည်း မှန်ကန်တဲ့အကျိုးကျေးဇူးများကို ခံစားရနိုင်မှာပါ။ လေ့လာတွေ့ရှိချက်များအရ ကိုယ်အလေးချိန် ထိန်းသိမ်းမှုဆိုင်ရာ အချက်အလက်အချို့ကို မျှဝေလိုပါတယ်။

ပရိုတင်းဓာတ်(protein) များများစားပါ

ပရိုတင်းဓာတ် လုံလုံလောက်လောက် စားပေးဖို့ အရေးကြီးပါတယ်။ နေ့စဉ် စားသုံးနေတဲ့ အစားအစာများမှာ ပရိုတင်းဓာတ် လုံလုံလောက်လောက် ပါခြင်းဟာ ဆာလောင်မှုကို အချိန်ကာလတစ်ခုထိ မပေါ်ပေါက်အောင် ထိန်းပေးထားနိုင်ပါတယ်။ ဆိုလိုတာက ခဏခဏ ဗိုက်မဆာတော့ပါဘူး။ လေ့လာသုတေသနပြုချက်များအရ ပရိုတင်းဓာတ်များများပါတဲ့ အစားအစာ စားထားသူများဟာ ကာဘိုဟိုက်ဒရိတ်နဲ့ အဆီဓာတ်များများပါတဲ့ အစားအစာ စားထားသူများထက် တစ်နေကုန်မှာ ဆာလောင်မှုကို ထိန်းထားနိုင်ကြောင်း တွေ့ရှိရပါတယ်။ ဘာကြောင့်လဲဆိုတော့ ပရိုတင်းဓာတ်များများပါတဲ့ အစားအစာတွေဟာ ခန္ဓာကိုယ်က ဆာလောင်မှုဖြစ်စေတဲ့ ဟော်မုန်းဓာတ်ကို လျော့ကျစေတဲ့ အတွက် ဖြစ်ပါတယ်။ ထို့ပြင် ပရိုတင်းဓာတ်ဟာ ကြွက်သားများ သန်စွမ်းမှုအတွက်လည်း အရေးကြီးပါတယ်။ လေ့ကျင့်ခန်းလုပ်လို့ဖြစ်စေ၊ ကာယလုပ်သားများမှာဖြစ်စေ ကြွက်သားများ ပြန်လည်သန်စွမ်းစေဖို့နဲ့ သန်မာစေဖို့ ပရိုတင်းဓာတ်လိုအပ်ပါတယ်။ ပရိုတင်းဓာတ်ကြွယ်ဝတဲ့ အစားအစာတွေကတော့ ဥအမျိုးမျိုး၊ နို့နဲ့ နို့ထွက်ပစ္စည်းအမျိုးမျိုး၊ အသားအမျိုးမျိုး၊ ပဲအမျိုးမျိုး၊ တို့ဟူး စတာတွေပဲ ဖြစ်ပါတယ်။

အမျှင်ဓာတ်ပေါကြွယ်ဝတဲ့ အစားအစာများစားပါ

အမျှင်ဓာတ်များတဲ့အစားအသောက်တွေဟာ ပရိုတင်းဓာတ်များတဲ့ အစားအသောက်တွေလိုပဲ သင့်ရဲ့ ဆာလောင်မှုကို အတိုင်းအတာတစ်ခုထိ ထိန်းချုပ်ထားနိုင်ပါတယ်။ ဆိုလိုတာက ခဏခဏ မစားဖြစ်တော့ဘူးပေါ့။ ဒဲ့အပြင် အမျှင်ဓာတ်များတဲ့ အစားအစာတွေဟာ အစာကျေညက်ခြင်းကို တွန်းအားပေးပါတယ်။ နှလုံးရောဂါဖြစ်စေမှုကို လျော့ကျစေပါ

> ■ **ပရိုတင်းဓာတ် လုံလုံလောက်လောက်စားပေးဖို့ အရေးကြီးပါတယ်။ နေ့စဉ်စားသုံးနေတဲ့ အစားအစာများမှာ ပရိုတင်းဓာတ် လုံလုံလောက်လောက်ပါခြင်းဟာ ဆာလောင်မှုကို အချိန်ကာလတစ်ခုထိ မပေါ်ပေါက်အောင် ထိန်းပေးထားနိုင်ပါတယ်။ ဆိုလိုတာက ခဏခဏ ဗိုက်မဆာတော့ပါဘူး။ လေ့လာသုတေသနပြုချက်များအရ ပရိုတင်းဓာတ်များများပါတဲ့ အစားအစာ စားထားသူများဟာ ကာဘိုဟိုက်ဒရိတ်နဲ့ အဆီဓာတ်များများပါတဲ့ အစားအစာ စားထားသူများထက် တစ်နေကုန်မှာ ဆာလောင်မှုကို ထိန်းထားနိုင်ကြောင်း တွေ့ရှိ**

တယ်။ လေဖြတ်ခြင်း၊ ဆီးချိုရောဂါနဲ့ အူမကြီးကင်ဆာ ဖြစ်စေနိုင်မှုတို့ကို လျော့ကျစေပါတယ်။ အမျှင်ဓာတ်များတဲ့ အစားအစာတွေကတော့ ပဲတောင့်ရှည်သီးများ၊ ပဲနီကလေး၊ ပြောင်းဖူး၊ ဘယ်ရီသီးများ၊ ထောပတ်သီး၊ ပန်းသီး၊ အာလူး၊ အခွံမာသီးများ၊ ဟင်းသီးဟင်းရွက်၊ အမျိုးမျိုး စသည်တို့ပဲဖြစ်ပါတယ်။ အချို့သုတေသနပြုချက်များအရ အမျှင်ဓာတ်ကြွယ်ဝတဲ့ အစာတွေဟာ ဗိုက်ပြည့်မြန်စေရုံသာမက အဆာခံမှုကို ဖြစ်စေပါတယ်။

သကြားဓာတ်ကဲတဲ့ အစားအစာများလျှော့စားပါ

ကျန်းမာရေး ကောင်းချင်ရင်တော့ သကြားဓာတ်လျှော့စားရမှာ အသေအချာပါ။ နေ့စဉ် သကြား သို့မဟုတ် အချိုဓာတ်လျှော့စားမယ်၊ တစ်ပတ်လေး/ငါးကြိမ် လေ့ကျင့်ခန်းလုပ်မယ်၊ ပရိုတင်းဓာတ် များများစားမယ်ဆိုရင် ခန္ဓာကိုယ်အလေးချိန် ထိန်းသိမ်းလျှော့ချနိုင်ဖို့ ထိရောက်ပါတယ်။ သကြားဓာတ်စားသုံးမှု လျော့စေဖို့ဆိုရင် မျက်စိရှေ့မှာ သကြားဓာတ်ကဲတဲ့ အစားအသောက်များ ရှိမနေစေဖို့ လိုအပ်ပါတယ်။ မျက်စိရှေ့လွယ်လွယ်ကူကူ မြင်တွေ့နေရရင် စားဖြစ်နေမှာ ကျိန်းသေပါတယ်။

တတ်နိုင်သမျှနေအိမ်မှာသာ ချက်ပြုတ်စားသောက်ပါ

သုတေသနပြုချက်များအရ နေအိမ်မှာ ချက်ပြုတ်စားသောက်တဲ့ အစားအစာတွေဟာ ကျန်းမာရေးနဲ့ ပိုမိုညီညွတ်လေ့ရှိပါတယ်။ စားသောက်ဆိုင်တွေက အစားအစာတွေဟာ များသောအားဖြင့် ဆားဓာတ်၊ ပြည်ဝဆီပါဝင်မှုနဲ့ ကယ်လိုရီပါဝင်မှု ပိုများလေ့ရှိပါတယ်။ စားသောက်ဆိုင်တွေဟာ အရသာကို အဓိကထား ချက်ပြုတ်ကြတာကြောင့် ဖြစ်ပါတယ်။ နေအိမ်မှာ ချက်ပြုတ်ခြင်းဟာ လတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက် အသားငါးများ ဖြစ်လေ့ရှိပါတယ်။ ဒဲ့ကြောင့် ကျန်းမာရေးနဲ့ ညီညွတ်ပြီး အာဟာရ ပိုဖြစ်စေပါတယ်။ အိမ်ချက်ပြုတ်စာများကို စားသုံးခြင်းဖြင့် အကြော်ခံဆီ၊ တာရှည်ခံဓာတုပစ္စည်းနဲ့ ဆား၊ အချိုမှန့်လို ကျန်းမာရေးနဲ့ မညီညွတ်တဲ့အရာတွေ မပါဝင်စေရေး ပိုမိုသေချာအောင် လုပ်ဆောင်နိုင်ပါတယ်။ ကိုယ်တိုင်ချက်ပြုတ် စားသောက်ခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ၊ မိမိကိုယ်မိမိ ယုံကြည်မှုအပါအဝင် စိတ်ဖိစီးမှုတွေ လျော့ကျစေနိုင်ပါတယ်။

အိပ်စက်ခြင်းအချိန်ဇယား မျှတမှန်ကန်ပါစေ

လူအများစုဟာ နေ့စဉ် မိမိရဲ့ အိပ်စက်မှုနဲ့ ပတ်သက်လို့ သတိမထားမိတတ်ပါဘူး။ နေ့စဉ် အိပ်စက်ချိန်နည်းပါးခြင်းနဲ့ အိပ်ချိန်မမှန်ခြင်းတို့ဟာ ယနေ့ခေတ် လူတိုင်းနီးပါး ကြုံတွေ့နေကြရတဲ့ သတိမမူမိသော ကျန်းမာရေး အလေ့အထဆိုင်ရာ ကြီးမားတဲ့ချို့ယွင်းမှု ကြီးဖြစ်ပါတယ်။ နောက်ထပ် သတိမထားမိတဲ့ အချက်ကတော့ အိပ်ချိန်မမှန်ခြင်းနဲ့ အိပ်ရေးပျက်ခြင်းတို့ဟာ အသက်အရွယ်မရွေး လူတွေကို ကိုယ်အလေးချိန် တိုးလာစေနိုင်တယ်ဆိုတာ ကိုပါ။

အိပ်စက်ချိန် အတိုင်းအတာပမာဏဟာ ဆာလောင်မှုကိုဖြစ်စေတဲ့ ဟော်မုန်း (ghrelin hormone) နဲ့ ဆာလောင်မှုကို တားမြစ်တဲ့ဟော်မုန်း (leptin hormone) တို့အပေါ်မှာ သက်ရောက်မှုရှိစေလို့ပဲ ဖြစ်ပါတယ်။ ဒဲ့အပြင် အိပ်ရေးပျက်ခြင်းကြောင့် ကိုယ်ခန္ဓာနှမ်းနယ်ရာမှတစ်ဆင့် ကိုယ်လက်လှုပ်ရှားမှု လျော့ကျပြီး ကိုယ်အလေးချိန်တိုးခြင်းနဲ့ အခြားရောဂါတွေ ဝင်ရောက်လာနိုင်ပါတယ်။ အိပ်ရာဝင်ချိန်နဲ့ အိပ်ရာထချိန်တို့ကို အချိန်မှန်လုပ်ဆောင်ခြင်းဟာ ပိုမိုကျန်းမာတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်နိုင်မှာ ဖြစ်ပါတယ်။

အချိန်မှန်အိပ်စက်ခြင်း၊ အိပ်ရာထခြင်းအားဖြင့် ပိုမိုကောင်းမွန်စွာ အိပ်ပျော်စေမှုကို ညစ်ရှရှိပြီး ထိုမှတစ်ဆင့် ဟော်မုန်းများ ထွက်ရှိမှုကို ညီညွတ်မျှတစေနိုင်မှာလည်း ဖြစ်ပါတယ်။ ဒဲ့အပြင်ပုံမှန်အိပ်စက်အနားယူတဲ့ အလေ့အကျင့်ကြောင့် ကိုယ်ခန္ဓာလန်းဆန်းစေသဖြင့် ကိုယ်လက်လှုပ်ရှားမှုလည်း ပိုမိုပြုလုပ်လာနိုင်စေမှာဖြစ်ပါတယ်။

ရေများများသောက်ပါ

ရေသောက်ခြင်းကြောင့် ရရှိမယ့် ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများက ဖော်မြေနိုင်လောက်အောင် များသော်လည်း လူအများစုဟာ ရေများများ သောက်ဖို့ကို မေ့လျော့နေတတ်ကြပါတယ်။ ရေများများသောက်ခြင်းဖြင့် ကိုယ်ခန္ဓာအလေးချိန် လျော့ကျစေနိုင်ပါတယ်။ လေ့လာသုတေသနပြုချက်အရ အစာမစားမီ နာရီဝက်ခန့်မှာ ရေလီတာ ဝက်ခန့်ကြိုသောက်ခြင်းဟာ ဆာလောင်မှုကို လျော့ကျစေကာ အစာအများအပြား စားသောက်လိုမှုကို လျော့ကျစေပါတယ်။ တစ်နေကုန် ရေများများသောက်ခြင်းဟာ ကယ်လိုရီတွေ လောင်ကျွမ်းမှုကို ကူညီပါတယ်။ ထိုသို့ခန္ဓာကိုယ် နေ့စဉ် လှုပ်ရှားမှုအတွက် လိုအပ်တဲ့ကယ်လိုရီတွေကို များများလောင်ကျွမ်းစေခြင်းအားဖြင့် ကိုယ်အလေးချိန်ကိုလည်း ထိန်းနိုင်ပါတယ်။

စာမျက်နှာ ၁၂ သို့

စနစ်တကျတန်ဖိုးထား သုံးစွဲကြရမည့် လျှပ်စစ်ဓာတ်အား

အများပြည်သူနှင့် စက်မှုလက်မှုလုပ်ငန်းများတွင် ဓာတ်အားလုံလုံလောက်လောက် သုံးစွဲနိုင်ရန်အတွက် ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်ပေးခြင်းနှင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ နှစ်စဉ်တိုးတက်လာသည့် ဓာတ်အားသုံးစွဲမှုများအတွက်လည်း တိုးတက်ဖြန့်ဖြူးပေးနိုင်ရန် နိုင်ငံတော်အနေဖြင့်အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။

မောင်မောင်စွယ်စုံထွန်း

နိုင်ငံတော်အနေဖြင့် အမြင့်ဆုံးပျမ်းမျှဓာတ်အားလိုအပ်ချက်သည် ၅၈၀၀ မဂ္ဂါဝပ်ခန့်ရှိခဲ့ရာ လက်ရှိအချိန်တွင် ပြည်ပမှ မှာယူတင်သွင်းရသော LNG to Power ဓာတ်အားပေးစက်ရုံများ၏ ထုတ်လုပ်မှုများမှာ ဓာတ်ငွေ့ဈေးနှုန်း လေးဆခန့် မြင့်တက်လာခြင်းကြောင့် ရပ်တန့်ထားရခြင်း၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ဓာတ်အား ပို့လွှတ်ပေးနေသည့် ၂၃၀ ကေဗွီ တာဝါတိုင်များမှာ အကြမ်းဖက်သူများ၏ အကြိမ်ကြိမ် မိုင်းခွဲဖျက်ဆီးခံရခြင်းကြောင့် ဓာတ်အားလျှော့နည်းနေခြင်းများ စသည့်အကြောင်းအမျိုးမျိုးကြောင့် လက်ရှိဓာတ်အားစနစ်အတွင်းသို့ ပျမ်းမျှအားဖြင့် ၂၀၀၀ မဂ္ဂါဝပ်ကျော်ကျော် ပတ်ဝန်းကျင်သာ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်လျက်ရှိသည်။

လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီ ဘုရားကြီး-လှိုင်သာယာ လှိုင်မြစ်ကျော် ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းကို တွေ့ရစဉ်။

ထို့ပြင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ အချို့တွင် ဓာတ်အားပေးစက်များ နှစ်စဉ်ထိန်းသိမ်းပြုပြင်ခြင်းများ ဆောင်ရွက်နေခြင်း၊ ယခုပွင့်လင်းရာသီကာလ၌ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအတွက် ရေဝင်ရောက်မှု နည်းလာပြီး နွေရာသီကာလ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ရေလှောင်ကန်/ဆည်များ၌ ရှိသည့် ရေများ အားလုံးကို ရေအားလျှပ်စစ်ထုတ်လုပ်ရန်အတွက် အသုံးပြုနိုင်ခြင်းမရှိဘဲ လိုအပ်သည့် ခွဲတမ်းအရ ရေပြန်ရချိန်အထိ ထိန်းသိမ်းပြီး လျှော့ချမောင်းနှင်နေရခြင်းတို့ကြောင့် စုစုပေါင်း ထုတ်လုပ်နိုင်မှုမှာ သုံးစွဲမှုထက်များစွာ လျော့နည်းလျက်ရှိပါသည်။

ပြည်သူအကျိုးအတွက် ဆောင်ရွက်ပေးနေ

ဖျက်ဆီးခံရသည့် တာဝါတိုင်များကို အမြန်ဆုံး ပြုပြင်နိုင်ရေး ဆောင်ရွက်လျက်ရှိသော်လည်း ဝန်ထမ်းများ၏ အသက်အန္တရာယ်ပြုခံရခြင်း၊ ပြုပြင်ပြီး အချိန်အနည်းငယ်အတွင်း ပြန်လည်ဖျက်ဆီးခံရခြင်း စသည်တို့ကြောင့်လည်း ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရန် အခက်အခဲများစွာ ကြုံတွေ့နေရပါသည်။ ဓာတ်အားရရှိမှု လျော့နည်းနေရသည့် ပမာဏနှင့်အညီ ဓာတ်အားစနစ် တည်ငြိမ်မှုကို ထိန်းညှိရန် ဆောင်ရွက်ရသည့်အတွက် အများဆုံး ထုတ်လုပ်ပေးနိုင်သော ဓာတ်အားပမာဏထက် အရေးပေါ် ဝန်အားလျှော့ချ၍ ဓာတ်အားစနစ် ထိန်းညှိခြင်းကို မဖြစ်မနေ ဆောင်ရွက်ရလျက်ရှိသဖြင့် အချို့နေရာများတွင် အချိန်ပိုင်းဓာတ်အား ပြတ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိနေခြင်း ဖြစ်ပါသည်။ လျှပ်စစ်ဝန်ထမ်းများအနေဖြင့် ဝန်အားလျှော့ချနေရသည့်အခါတွင် ပုံမှန်လျှပ်စစ်ရရှိနေချိန်ထက်ပိုမို၍ ပင်ပန်းကြီးစွာ သတိကြီးစွာဖြင့် ဆောင်ရွက်နေရသဖြင့် ဝန်အားလျှော့ချရမှုများကို လုံးဝဆောင်ရွက်လိုခြင်းမရှိကြသော်လည်း ပြည်သူတို့၏ အကျိုးအတွက် မလုပ်ချင်ဘဲနှင့် ဆောင်ရွက်ပေးနေရခြင်း ဖြစ်ပါသည်။

လျှပ်စစ်မီးသုံးစွဲသည့် မိဘပြည်သူများအား လျှပ်စစ်မီးသုံးစွဲမှုနှင့် ပတ်သက်၍ ချွေတာသုံးစွဲနိုင်ရေးနှင့် လျှပ်စစ်မီးချွေတာခြင်းအားဖြင့် ယခုကဲ့သို့ ဓာတ်အားမလုံလောက်ချိန်တွင် အခြားအရေးကြီးလိုအပ်သည့် ဆေးရုံ၊ စာသင်ကျောင်းများကို ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်သည့် အကျိုးကျေးဇူးများ ရရှိနိုင်ခြင်းကို ပြည်သူလူထုမှလက်ခံပြီး နားလည်သဘောပေါက်သိရှိရန်နှင့် နံနက်အလင်းရောင်ရသည့်အချိန်တွင် လမ်းမီး၊ အဆောက်အအုံ၊ အိမ်၏ လုံခြုံရေးမီးများနှင့် အခြားမလိုအပ်သည့် မီးများပိတ်ထားရေးနှင့် လိုအပ်သလောက်သာ လျှပ်စစ်မီးကို ချွေတာသုံးစွဲနိုင်ရေးအတွက် ယခုလိုကာလမျိုးတွင် အထူးလိုအပ်လျက်ရှိ

> ❖ **လျှပ်စစ်မီးသုံးစွဲသည့် မိဘပြည်သူများအား လျှပ်စစ်မီးသုံးစွဲမှုနှင့်ပတ်သက်၍ ချွေတာသုံးစွဲနိုင်ရေးနှင့် လျှပ်စစ်မီးချွေတာခြင်းအားဖြင့် ယခုကဲ့သို့ ဓာတ်အားမလုံလောက်ချိန်တွင် အခြားအရေးကြီးလိုအပ်သည့် ဆေးရုံ၊ စာသင်ကျောင်းများကို ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်သည့် အကျိုးကျေးဇူးများ ရရှိနိုင်ခြင်းကို ပြည်သူလူထုမှလက်ခံပြီး နားလည်သဘောပေါက်သိရှိရန်နှင့် နံနက်အလင်းရောင်ရသည့်အချိန်တွင် လမ်းမီး၊ အဆောက်အအုံ၊ အိမ်၏ လုံခြုံရေးမီးများနှင့် အခြားမလိုအပ်သည့် မီးများပိတ်ထားရေးနှင့် လိုအပ်သလောက်သာ လျှပ်စစ်မီးကို ချွေတာသုံးစွဲနိုင်ရေးအတွက် ယခုလိုကာလမျိုးတွင် အထူးလိုအပ်လျက်ရှိ**

(၁) ရုံးလုပ်ငန်းသုံးပစ္စည်းများ ဖြစ်သော Printer, Copier, Fax, Computer နှင့် Air Conditioner များကို လိုအပ်မှသာ ဖွင့်ရန်နှင့် မလိုအပ်ဘဲ ဖွင့်ထားခြင်း မပြုရန်၊ ရုံးများတွင် ရုံးလုပ်ငန်းသုံးပစ္စည်းများ ဖြစ်သော မီးပလပ်များတွင် ဖုန်းအားသွင်းကြိုးများကို အားသွင်းထားခြင်းမရှိဘဲ ခလုတ်ဖွင့်ထားခြင်း မပြုရန်နှင့် အားပြည့်ပါက အချိန်မီဖြုတ်သိမ်းရန်၊ ဝန်ထမ်းအိမ်ရာများတွင် နေအိမ်/ တိုက်ခန်းများရှိ ဝရန်တာမီး၊ လေ့ကားမီး၊ လုံခြုံရေးမီးများကို မှောင်မှဖွင့်ရန်နှင့် မလင်းခင် မီးပိတ်ရန် ဖြစ်ပါသည်။

(၂) ဝန်ကြီးဌာနအသီးသီးရှိရုံးခန်းအများစုတွင် လိုက်ကာများတပ်ဆင်ပြီး မီးချောင်းများ ဖွင့်၍ အလုပ်လုပ်နေခြင်းအစား လိုက်ကာများဖွင့် မီးချောင်းများပိတ်ပြီး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နိုင်ငံတစ်ဝန်းလုံးရှိ လမ်းများတွင် အလင်းရောင်ရရှိစေရန် လျှပ်စစ်လမ်းမီးအမျိုးမျိုးတို့ နေရာတွင် ဆိုလာစွမ်းအင်သုံး လမ်းမီးများ ပြောင်းလဲတပ်ဆင်ခြင်းနှင့် အများနှင့်သက်ဆိုင်သော ရုံး၊ ကျောင်း၊ ဌာနဆိုင်ရာများတွင် အသုံးပြုလျက်ရှိသော လျှပ်စစ်ပစ္စည်းအားလုံးကို လဲလှယ်ရမည့်အချိန်တွင် Energy Saving ပစ္စည်းများဖြင့် လဲလှယ်တပ်ဆင်အသုံးပြုရန် ဖြစ်ပါသည်။

ယူနစ်သုံးစွဲမှုထက်ဝက်ကျော် သက်သာနိုင်

နိုင်ငံတော်တွင် ယခုအခါ အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၉ သန်းခန့်ရှိသည့်အနက် လက်ရှိအချိန်တွင် အိမ်ထောင်စုပေါင်း ၆ ဒသမ ၆ သန်းခန့်မှာ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိသုံးစွဲလျက်ရှိပြီးဖြစ်ပါသည်။ နိုင်ငံတော်ဓာတ်အားစနစ်မှ မီးရရှိသုံးစွဲနေသော အိမ်ထောင်စုများမှ ၂ ဒသမ ၂ သန်းခန့်ကျော်သော ပမာဏသည် လိုအပ်သော ဓာတ်အားသုံးစွဲမှုကိုသာ ချွေတာသုံးစွဲမည်ဆိုပါက အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံး ၂၀ ဝပ်ခန့် ချွေတာနိုင်လျှင် ဓာတ်အားပမာဏ ၄၄ မဂ္ဂါဝပ် ချွေတာနိုင်မည်ဖြစ်သောကြောင့် နိုင်ငံတော် ဓာတ်အားစနစ်မှ ကျန်မီးမရရှိသေးသည့် အိမ်ထောင်စုများသို့ ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးပေးနိုင်မည် ဖြစ်ပါသည်။

အိမ်တစ်အိမ်လျှင် မလိုအပ်သောနေရာရှိ ၄၀ ဝပ် လေးပေ မီးချောင်းတစ်ချောင်းကို တစ်ရက် ပိတ်ထားခြင်းဖြင့် ၂၄ နာရီ x ၄၀ ဝပ် = ၉၆၀ ဝပ်၊ ၁ ကီလိုဝပ် နာရီ = ၁ ယူနစ် သက်သာမည်ဖြစ်ပြီး အလင်းအားတူပြီး ဓာတ်အားသုံးစွဲမှု ဝန်အားထက်ဝက်ကျော် သက်သာသည့် LED မီးသီး၊ မီးလုံးများကို အစားထိုးအသုံးပြုခြင်းဖြင့် ယူနစ်သုံးစွဲမှုမှာ ထက်ဝက်ကျော်အထိ သက်သာသွားနိုင်ပါမည်။

လေအေးပေးစက်ဖွင့်ခြင်းကို တစ်ရက်လျှင် ၁၀ နာရီခန့် အသုံးပြုနေရာမှ ညအိပ်ချိန် မတိုင်မီ သုံးနာရီခန့်လျှော့၍ သုံးစွဲနိုင်မည်ဆိုပါက မြင်းကောင်ရေ တစ်ကောင်အားရှိ လေအေးပေးစက် တစ်လုံးလျှင် တစ်နာရီ ၇၀၀ ဝပ်ခန့် သုံးစွဲသဖြင့် ၇ နာရီအတွက် ၄၉၀၀ ဝပ်၊ ၅ ကီလိုဝပ်နာရီ = ၅ ယူနစ်သာ ဓာတ်အားသုံးစွဲပြီး ၂ ယူနစ်ခန့် နေ့စဉ်သက်သာသွားမည်ဖြစ်ပါသည်။ ယူနစ်သုံးစွဲမှု သက်သာလာသည်နှင့်အမျှ ဓာတ်အားခလည်း သက်သာလာမည်ဖြစ်ပါသည်။ ဝပ်ဆိုသည်မှာ အားပမာဏဖြစ်ပြီး Power ကို ကိုယ်စားပြုသည်၊ စွမ်းအင်အနေဖြင့်ဆိုလျှင် အသုံးပြုချိန်နာရီဖြင့် မြှောက်ရသည်။ လျှပ်စစ်ကုန်ကျစရိတ်များကို တွက်ချက်တောင်းခံရာတွင် အဆိုပါ ၁ ကီလိုဝပ်နာရီကို ၁ ယူနစ်ဟု တွက်ချက်တောင်းခံခြင်း ဖြစ်သည်။ ၁၀၀၀ ဝပ်ကို ၁ ကီလိုဝပ်ဖြစ်ပြီး ၁၀၀၀ ကီလိုဝပ်ကို ၁ မဂ္ဂါဝပ်ဟု ခေါ်သည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလတွင် Global Petro Price မှ နောက်ဆုံးကောက်ယူထားသော စစ်တမ်းအရ ကမ္ဘာ့နိုင်ငံအချို့၏ လျှပ်စစ်ဓာတ်အားခ တစ်ယူနစ်ဈေးနှုန်းများနည်းအလိုက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	နိုင်ငံအမည်	တစ်ယူနစ် ပျမ်းမျှဈေးနှုန်း (အမေရိကန် ဒေါ်လာ)	မှတ်ချက်
၁	အင်္ဂလန်	၀.၄၃၇	
၂	စင်ကာပူ	၀.၂၂၀	
၃	ဖိလစ်ပိုင်	၀.၁၉၅	
၄	အမေရိကန်	၀.၁၇၂	
၅	သီရိလင်္ကာ	၀.၁၅၁	
၆	အင်ဒိုနီးရှား	၀.၀၈၉	
၇	အိန္ဒိယ	၀.၀၇၈	
၈	ဗီယက်နမ်	၀.၀၇၆	
၉	တရုတ်	၀.၀၇၅	
၁၀	မလေးရှား	၀.၀၄၆	
၁၁	မြန်မာ	၀.၀၃၄	ပျမ်းမျှ နှုန်းဖြင့် တွက်ချက်ထားခြင်း ဖြစ်ပါသည်။

အထက်ဖော်ပြပါနှိုင်းယှဉ်ချက်အရ မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ဓာတ်အားခ အသက်သာဆုံး တိုင်းပြည်ထဲတွင် ပါဝင်နေ၍ ဓာတ်အားခကို ဈေးပေါပေါရသည်ဆိုပြီး ချွေတာသုံးစွဲမှု ပြုလိုစိတ်မရှိကြသည်ကို တွေ့ရှိနေရသည်။ မြန်မာနိုင်ငံတွင် ဓာတ်အားခသက်သာမည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနည်းလမ်းများကို

စာမျက်နှာ ၁၂ သို့

စာမျက်နှာ ၁၀ မှ

အစာစားချိန် သီးခြားသတ်မှတ်၍ စားပါ

နေ့တစ်နေ့မှာ စားသောက်မယ့်အချိန်ကို သတ်မှတ်ထားပြီး အဆိုပါအချိန်အတွင်းမှာသာ စားသောက်ခြင်းကို ဆိုလိုပါတယ်။ အဆိုပါ သတ်မှတ်ချိန်အတွင်းမှာသာ စားသောက်ပြီး ကျန်အချိန်တွေမှာ ရေတစ်မျိုးကိုသာ သောက်ရမှာဖြစ်ပါတယ်။ ဥပမာပြောရရင် ရဟန်းတော်များ လိုက်နာကျင့်သုံးတဲ့ မွန်းတည့် ၁၂ နာရီနောက်ပိုင်း အစာမစားခြင်းနဲ့ ဥပသံစောင့်ခြင်းနည်းစနစ်များနဲ့ ဆင်တူပါတယ်။

ဒီလို အချိန်သတ်မှတ်ထားခြင်းဖြင့် ဆန္ဒဖြစ်ပေါ်လာတိုင်း စားသောက်ခြင်းကို ရှောင်ကြဉ်နိုင်မှာဖြစ်ပါတယ်။ အချိန်အပိုင်းအခြားအလိုက်သာ အစာစားသောက်ခြင်းဖြင့် သွေးပေါင်ကျခြင်း၊ ကိုယ်အလေးချိန်ကျခြင်းနဲ့ သွေးတွင်းသကြားဓာတ်လျော့စေခြင်း စတဲ့အကျိုးကျေးဇူးများရနိုင်မှာ ဖြစ်ပါတယ်။ ထိုသို့မလုပ်ဆောင်နိုင်ပါကလည်း အိပ်ချိန်မတိုင်ခင် အနည်းဆုံး သုံးနာရီခန့်မှစ၍ အစာစားခြင်း မပြုလုပ်ပါကလည်း အကျိုးကျေးဇူး ရနိုင်ပါတယ်။ ထိုသို့ သတိရှိရှိနဲ့ စားသောက်ခြင်းဟာ ကောင်းစွာအိပ်ပျော်စေခြင်းအပါအဝင် ကိုယ်ခန္ဓာအလေးချိန် ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်။

စိတ်ဖိစီးမှုများ လျှော့ချပါ

နှစ်ပေါင်းများစွာ လေ့လာသုတေသနပြုချက်များစွာအရ စိတ်ဖိစီးမှုဟာ ကျွန်ုပ်တို့ရဲ့ ကျန်းမာရေးအပေါ်မှာ တစ်နည်းနည်းနဲ့ များစွာဆိုးကျိုးသက်ရောက်စေတာ တွေ့ရပါတယ်။ စိတ်ဖိစီးမှုဟာ ကျွန်ုပ်တို့ရဲ့ အသက်ရှူလုပ်ငန်းစဉ်မှ ဦးနှောက်လုပ်ငန်းများအထိ ကြွက်သားများပါမကျန် နေရာတိုင်းကို သက်ရောက်မှုရှိစေတာ တွေ့ရပါတယ်။ ကိုယ်အလေးချိန် တိုးခြင်းကိုလည်း ဖြစ်စေတာ တွေ့နိုင်ပါတယ်။

သုတေသနတွေ့ရှိချက်အရ စိတ်ဖိစီးမှုများရင် ကိုယ်ခန္ဓာဇီဝလုပ်ငန်းစဉ်နှေးကွေးစေပါတယ်။ ဒီလိုနှေးကွေးမှုကြောင့် ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ စွမ်းအင်ထွက်ရှိဖို့ ကယ်လိုရီလောင်ကျွမ်းမှု နည်းစေပါတယ်။ ကယ်လိုရီလောင်ကျွမ်းနိုင်မှုနဲ့ပတ်သက်လို့ စိတ်ဖိစီးမှုများတဲ့ အမျိုးသမီးအုပ်စုနဲ့ စိတ်ဖိစီးမှုနည်းတဲ့ အမျိုးသမီးအုပ်စုကို နှိုင်းယှဉ်လေ့လာရာမှာ စိတ်ဖိစီးမှုများတဲ့ အမျိုးသမီးအုပ်စုဟာ တစ်ရက်ကို ၁၀၄ ကယ်လိုရီခန့် လျော့နည်းလောင်ကျွမ်းကြောင်း တွေ့ရပါတယ်။

အဆိုပါစိတ်ဖိစီးမှုများတဲ့ အမျိုးသမီးအုပ်စုမှာ သွေးတွင်း အင်ဆူလင်ပမာဏ ပိုများတာလည်း တွေ့ရပါတယ်။ ဒါကြောင့် ဆီးချိုနဲ့ နှလုံးသွေးကြောရောဂါများဖြစ်စေဖို့ အခွင့်အလမ်းပိုများတာ တွေ့ရပါတယ်။ ထိုသို့ တစ်ရက်ကို ကယ်လိုရီ လောင်ကျွမ်းမှု ၁၀၄ ကယ်လိုရီခန့် လျော့နည်းခြင်းဟာ တစ်နှစ်ကြာတိုင်း ကိုယ်အလေးချိန်ကို ၄ ကီလိုဂရမ်အထိ တိုးစေတာ တွေ့ရပါတယ်။ ဒါကြောင့် စိတ်ဖိစီးမှုဖြစ်စေတဲ့အချက်ကို ဖော်ထုတ်ပြီး ဖယ်ရှားခြင်းနဲ့ ဒီလို ဖယ်ရှားလို့မရပါက အားကစားပြုလုပ်ခြင်း၊ တရားမှတ်ခြင်း စတဲ့နည်းလမ်းများနဲ့ သက်သာအောင်ပြုလုပ်ခြင်း စတာတွေ ပြုလုပ်နိုင်ပါတယ်။ တချို့သူတွေ အနေနဲ့ အသက်ရှူလေ့ကျင့်နိုင်း ပြုလုပ်ခြင်း၊ တချို့သူတွေအနေနဲ့ စာရေးခြင်း စတဲ့နည်းလမ်းများလည်း သုံးကြည့်နိုင်ပါတယ်။ တစ်ယောက်နဲ့ တစ်ယောက်တော့ မတူနိုင်ပါဘူး။

ချင့်ချိန်စားသောက်ခြင်းနဲ့ပတ်သက်၍ လေ့ကျင့်ယူပါ

"ပါးစပ်အကျင့်၊ ဝမ်းအချင့်" ဆိုသလို စားသောက်မှုနဲ့ပတ်သက်လို့ သတိထားပြီး လိုက်နာမယ်ဆိုရင် အလွန်အကျွံ စားသောက်ခြင်းနဲ့ ကျန်းမာရေးနဲ့ မညီညွတ်တာတွေ စားသောက်ခြင်းကို ရှောင်ကြဉ်လာနိုင်မှာ ဖြစ်ပါတယ်။ သာမန်အားဖြင့်တော့ သတ္တဝါတွေဟာ ဗိုက်ဆာလာရင် စားမယ်၊ ဗိုက်ပြည့်ရင် စားတာရပ်မယ်။ လူအတော်များများ သည်လည်း အဲဒီလိုပဲ လုပ်ဆောင်နေကြတာပါ။ ရသာတဏှာနောက်လိုက်ကာ မြင်တာ၊ တွေ့တာ၊ စားကောင်းတာလေးတွေကို သတိလက်လွတ် စားသောက်နေတတ်ကြတာ မမှတာပါ။

ညနက်ပိုင်းမှာ အချိုတွေ စားခြင်း၊ အဆာပြေမုန့်သရေစာများ အဆက်မပြတ် စားနေခြင်း စတာတွေဟာ ကျန်းမာရေးနဲ့ လုံးဝမညီညွတ်ပါဘူး။ စိတ်ထဲပါတဲ့ အတိုင်း စားသောက်ခြင်းဟာ လူတိုင်းမှာ တွေ့ရတတ်တဲ့ အပြုအမူတစ်ခုပဲ ဖြစ်ပါတယ်။ ဝမ်းနည်းလည်းစား၊ စိတ်ဆိုးလည်းစား၊ စိတ်ဖိစီးလည်းစား၊ ဝမ်းသာလည်းစား စသဖြင့် အစာမြင်တာနဲ့ စားတတ်ကြတာ အလေ့အထတစ်ခုပါ။ အစားအစာကို အချိန်သတ်သတ် မှတ်မှတ်၊ အစာအမျိုးအစား သတ်သတ် မှတ်မှတ်နဲ့ ကျန်းမာရေးနဲ့ ညီညွတ်စွာ စားသောက်ခြင်းဟာ ရေရှည်မှာ ကျန်းမာရေး အကျိုးကျေးဇူးများရလာခြင်းနဲ့ စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်လာကာ စိတ်ဖိစီးမှု နည်းလာတတ်တာကို ကာလရှည် သုတေသန ပြုလုပ်ချက်များအရ တွေ့ရှိရပါတယ်။

ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ ပုံမှန်ပြုလုပ်ပါ

နေ့စဉ် သို့မဟုတ် တစ်ပတ်ကို အနည်းဆုံး ငါးကြိမ်ခန့်နဲ့ တစ်ကြိမ်ကို မိနစ် ၃၀ ခန့် ကိုယ်လက်လှုပ်ရှားမှုကို ပြုလုပ်ပေးခြင်းဟာ ကိုယ်ခန္ဓာလန်းဆန်းတက်ကြွစေရေးသာမက ကိုယ်အလေးချိန် ထိန်းသိမ်းရာမှာလည်း အရာရောက်ပါတယ်။ ကိုယ်လက်လှုပ်ရှားခြင်းဟာ ဆေးတစ်ပါးဖြစ်တယ်ဆိုတာ အထူးပြောစရာမလိုတော့ပါဘူး။ နှစ်ကာလများစွာ၊ သုတေသနပြုလုပ်မှုပေါင်းများစွာက သက်သေပြပြီးလည်း ဖြစ်ပါတယ်။ လိုက်နာဆောင်ရွက်ဖို့ပဲ အရေးကြီးပါတယ်။

စားသောက်နေထိုင်မှုပုံစံကို ကျန်းမာရေးနဲ့ ညီညွတ်တဲ့ပုံစံဖြစ်စေဖို့ဆိုတာ လိုက်နာလုပ်ဆောင်ဖို့ မလွယ်ကူပါဘူး။ ကိုယ်အလေးချိန် ထိန်းနိုင်ဖို့ဆိုတာလည်း အင်မတန်ခက်ခဲပါတယ်။ အချက်အလက်တွေကို ဖတ်ကြည့်ရင် လွယ်သလို ထင်ရပေမယ့် လက်တွေ့မှာတော့ နှစ်ပတ်တစ်လခန့်ဆိုရင် ဆက်လက်လိုက်နာဖို့ ပျက်ကွက်လာတတ်ကြပါတယ်။

ဘဝ တစ်လျှောက်လုံး ကျင့်သုံးရမှာ ဖြစ်တဲ့အတွက် စိတ်ရှည်ရှည်နဲ့ လိုက်နာလုပ်ဆောင်ကြဖို့ လိုပါတယ်။ လက်မလျှော့တမ်း လိုက်နာကျင့်သုံးကြမှသာ ကျန်းမာတဲ့ဘဝတွေကို ပိုင်ဆိုင်နိုင်မှာ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

စာမျက်နှာ ၁၁ မှ

ဆန္ဒပြဆန့်ကျင်နေကြပြီး ဓာတ်အားခတက်ခြင်းကိုလည်း လုံးဝလက်သင့်မခံလိုကြသဖြင့် ယခုအချိန်ကာလအထိ နိုင်ငံတော်က နည်းမျိုးစုံနှင့် အခက်အခဲများစွာကြားမှ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးနေပြီး ပြည်သူ့အကျိုးကို အလေးထားကာ အရှုံးခံ၍ ဓာတ်အားဖြန့်ဖြူးပေးနေရသည်ကို သတိပြုသင့်ပါသည်။ ဓာတ်အားခန္ဓနန်းထား ကြီးမြင့်မှုကြောင့် ပြည်ပနိုင်ငံများတွင် လျှပ်စစ်ဓာတ်အား ချွေတာသုံးစွဲနေကြသကဲ့သို့ မြန်မာပြည်သူတို့အနေဖြင့်လည်း အတုယူချွေတာသုံးစွဲကြရန်နှင့် ထိုက်သင့်သည့် ဓာတ်အားခကို တိုးမြှင့်ပေးဆောင်သင့်ကြပြီး မှန်မှန်ကန်ကန်ပေးဆောင်ကြရန် လိုအပ်ပါသည်။

ချွေတာသုံးစွဲကြစေလို

လျှပ်စစ်ဓာတ်အားကို အောက်ဖော်ပြပါနည်းလမ်းများအတိုင်း ချွေတာသုံးစွဲသွားကြရန်ဖြစ်ပါ၍ ပြည်သူတစ်ရပ်လုံးမှ ဗိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ရန် အထူးလိုအပ်နေပါသည်-

(၁) လေနှင့်အလင်းရောင်ဝင်နိုင်သော ပြတင်းတံခါးများကို ဖွင့်လှစ်၍ လေအေးပေးစက်နှင့် လျှပ်စစ်ပန်ကာများ၊ လျှပ်စစ်မီးသီး၊ မီးချောင်းများကို သုံးစွဲမှုလျှော့ချရန် ဖြစ်ပါသည်။

(၂) လျှပ်စစ်ဓာတ်အားအသုံးပြု၍ သုံးစွဲရသည့် သုံးရေများကို အလေအလွင့်မရှိ ချွေတာသုံးစွဲနိုင်ရေး ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

(၃) အများသုံးမီးများ၊ လမ်းမီးများအနက် လိုအပ်သည့် မီးများကိုသာ ထွန်းညှိပြီး နေ့စဉ် ည ၇ နာရီမတိုင်မီ မဖွင့်ရန်နှင့် နံနက် ၅ နာရီတွင် ပြန်ပိတ်ရန်နှင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသက်သာသည့် Energy Saving LED လျှပ်စစ်မီးသီး၊ မီးချောင်းများဖြင့် လဲလှယ်သုံးစွဲရန် ဖြစ်ပါသည်။

(၄) တီဗီနှင့် ရေခဲသေတ္တာကဲ့သို့သော ပစ္စည်းများကို အသုံးမလိုသည့်အချိန်တွင် ပိတ်ထားရန်နှင့် ထမင်းဟင်းချက်ပြုတ်ခြင်းစသည့် လျှပ်စစ်သုံးစွဲမှုများ၌ လျှပ်စစ်ဓာတ်အားသုံးစွဲမှုသက်သာမည့် ပစ္စည်းများကို အသုံးပြုနိုင်ရေး ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးသွားရန်ဖြစ်ပါသည်။

(၅) စားသောက်ဆိုင်ကြီးများ၊ အရောင်းဆိုင်ကြီးများ စသည်တို့တွင် မလိုအပ်ဘဲ အလှဆင်မီးများ မြှောက်မြှားစွာထွန်းညှိခြင်းကို အတတ်နိုင်ဆုံး လျှော့ချသုံးစွဲသွားကြရန် ဖြစ်ပါသည်။

ကျွန်တော်သည် ၂၀၂၄ ခုနှစ် ဆန်းပိုင်းတွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အထပ်မြင့်တိုက်ခန်းများ များပြားလာပြီး ယခုကဲ့သို့ နွေရာသီတွင် ဆိုးရွားသော အပူဒဏ်ကို ခံစားကြရသဖြင့် မီးမပျက်စေချင်ကြသည်ကို သိရှိပါသော်လည်း ဓာတ်အားစနစ်ကြီး တစ်ခုလုံးအတွင်း ဓာတ်အားပမာဏ ၂၅၀ ဝဏ်ဝပ် ဝန်းကျင်သာ ဖြန့်ဖြူးပေးနိုင်ချိန်တွင် ရန်ကုန်တိုင်းဒေသကြီးအား ၅၀ ရာခိုင်နှုန်း ခန့်နီးပါး ဖြန့်ဖြူးပေးနေရသည့်အခြေအနေ ဖြစ်ပေါ်နေပြီး အမှန်လိုအပ်သည့် ဓာတ်အားပမာဏထက် များစွာလျှော့နည်းဖြန့်ဖြူးနေရသဖြင့် ဝန်အားကို မဖြစ်မနေလျှော့ချထိန်းညှိနေရခြင်းဖြစ်ပါသည်။

စုပြုံသုံးစွဲခြင်းမပြုရန် မေတ္တာရပ်ခံလို

ရန်ကုန်မြို့တွင် ည ၉ နာရီနောက်ပိုင်း အလှည့်ကျ ဝန်အားလျှော့အုပ်စုများ မီးပြန်ပေးသဖြင့် ဝန်အားမနိုင်၍တစ်နိုင်ငံလုံး ဓာတ်အားမပြတ်တောက်စေရန် ည ၉ နာရီ ပတ်ဝန်းကျင်တွင် မူလမီးရထားသည့်အုပ်စုအား ဝန်အားလျှော့အစီအစဉ်ကို တိုးမြှင့်ဆောင်ရွက်နေကြရပါသည်။ ဖေဖော်ဝါရီလ လယ်ခန့်အထိ ထုတ်လုပ်နိုင်မှုနှင့် သုံးစွဲနိုင်မှုမျှတခဲ့သော်လည်း ဧပြီ၊ မေလများတွင် လေအေးပေးစက်များကြောင့် ဝန်အားနှစ်ဆခန့် တက်ကာ မနိုင်မနင်း ဖြစ်ပေါ်လာကြခြင်းဖြစ်ပါသည်။

လျှပ်စစ်ဝန်ထမ်းများအနေဖြင့် မည်သူမျှ ဓာတ်အားကို အကြောင်းမဲ့ပိတ်လိုကြခြင်း မရှိပါ။ မီးပုံမှန်လာနေလျှင် လှည့်ကြည့်စရာသိပ်မလိုသဖြင့် လျှပ်စစ်ဝန်ထမ်းများ ဝမ်းသာကြသည်။ မီးပျက်လျှင် စိတ်အည စိတ်ရဆုံးမှာ လျှပ်စစ်ဝန်ထမ်းများသာ ဖြစ်သည်။ အလုပ်ရှုပ်သည့်အပြင် အသက်နှင့်ရင်း၍ လိုင်းဖော့ရှာဖွေကြရသည်။ မီးပျက်မှာ အကြောက်ဆုံးနှင့် မပျက်စေချင်ဆုံးက လျှပ်စစ်ဝန်ထမ်းများသာ ဖြစ်သည်။ ဝန်အားမနိုင်၍ လျှော့ချရလျှင်လည်း အချိန်နှင့်အုပ်စုအလိုက် လှည့်ဌေးရှေ့ နာရီမလပ်ကြည့်နေရသဖြင့် မအားလပ်ကြပါ။

ပြည်သူ့အကျိုးအတွက် လျှပ်စစ်ပစ္စည်းကြီးများ ပျက်စီးဆုံးရှုံးစေမည်စိုး၍ ခေတ္တဓာတ်အားပိတ်ဝန်အားလျှော့ နေရခြင်းမျိုးသာရှိပါသည်။ မီးလာလာခြင်း စုပြုံသုံးခြင်းမျိုးသည်လည်း ဓာတ်အားပြန်လည်ပြတ်တောက်စေသော အဓိကအကြောင်းအရင်းဖြစ်၍ မီးပျက်လျှင် မီးများပိတ်ထားကြရန်နှင့် မီးလာလာခြင်း စုပြုံသုံးခြင်းများ မပြုလုပ်ကြရန် အနူးအညွှတ် မေတ္တာရပ်ခံလိုပါသည်။

မီးပျက်ခြင်းနှင့် မီးဖြတ်ခြင်း မတူကွဲပြား

သည်နေရာတွင် မီးပျက်ခြင်းနှင့် မီးဖြတ်ခြင်းကို ကွဲပြားစွာသိရှိထားကြရန်လည်း လိုအပ်ပါသည်။ Loadshed ဟုဆိုသော မီးဖြတ်ခြင်းများသည် အထက်ဌာနညွှန်ကြားချက်များနှင့်အညီ တိကျစွာ မှတ်တမ်းတင်၍ ဆောင်ရွက်ရခြင်းဖြစ်ပြီး ဗဟို ထိန်းချုပ်ရေးဌာနက ဝန်အားနိုင်နင်းမှုအခြေအနေ အရအချိန် တိကျစွာ ဝန်အားလျှော့ချထားခြင်း မျိုးသာ ဖြစ်ပါသည်။

ယနေ့ လူပြောများနေသော လာရမည့်အချိန်တွင် မီးမလာခြင်း (၀၊) မီးပျက်ခြင်းသည် မီးလာလာခြင်း စုပြုံသုံးစွဲသဖြင့် ခွဲရုံများ၊ ဓာတ်အားဖြန့်ဖြူးသော ထရန်စဖော်မာကြီးများရှိ Circuit Breaker များ ပြုတ်ကျခြင်းဖြစ်ပေါ်ပြီး ဓာတ်အားလိုင်းများ Over Load ကြောင့် အပူလွန်ကဲကာ ပြတ်တောက်ခြင်းမျိုး၊ ဓာတ်အားဖြတ်တောက်စဉ် မီးကြိုးဖြတ်ခိုးခြင်းမျိုးစသည့် လိုင်းဖော့ဖြစ်ပွားခြင်းမျိုးဖြစ်ပွားလာပါက လိုင်းစစ်ပြီး ပြုပြင်ပြီးမှ ပြန်တင်၍ ရပါသည်။

မီးခဏခဏပျက်ခြင်းသည် အဆိုပါအကြောင်းများကြောင့်သာဖြစ်ပြီး လျှပ်စစ်ဝန်ထမ်းများက တမင်မီးဖြုတ်ချနေခြင်း၊ ဖြတ်နေခြင်းလုံးဝ မဟုတ်ပါ။ သို့ဖြစ်ရာ လျှပ်စစ်မီးလာချိန်တွင် စုပြုံမသုံးစွဲဘဲ လိုအပ်သမျှကို စနစ်တကျမျှတစွာအလှည့်ကျသုံးစွဲခြင်းနှင့် မိမိဓာတ်အားလိုင်းကို လုံခြုံအောင် ထိန်းသိမ်းကြခြင်းများသည်သာ မီးခဏခဏ ပျက်ခြင်းအား ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။

ပြည်သူတစ်ရပ်လုံးအနေဖြင့် လျှပ်စစ်ဓာတ်အား အချိန်ပိုင်းပြတ်တောက်မှုများနှင့် စပ်လျဉ်းပြီး **"လျှပ်စစ်ဓာတ်အားကို ပြည်ပသို့ရောင်းချနေသည်" "တမင်သက်သက် မီးဖြတ်ထားသည်"** စသည်ဖြင့် မမှန်မကန်သော ကောလာဟလစကားများကြားတွင် နစ်မျောနေကြမည့်အစား နိုင်ငံတော်မှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မှု မလုံလောက်ဖြစ်နေသည့်အခြေအနေမှန်ကို သိမြင်နားလည်နိုင်ကြပြီး လျှင် လျှပ်စစ်ဓာတ်အား လုံလုံလောက်လောက် မထုတ်လုပ်နိုင်သေးသည့် အချိန်ကာလ အခိုက်အတန့်အတွင်း၌ လျှပ်စစ်ဝန်ထမ်းများ၏ အသက်၊ ချွေးနှင့် နည်းပညာများစွာ ရင်းနှီးပေးဆပ်ထားကြရသော တန်ဖိုးကြီးမားလှသည့် လျှပ်စစ်ဓာတ်အားကို အမှန်တကယ်မလိုအပ်လျှင် မသုံးစွဲကြဘဲ ချွေတာ၍ စနစ်တကျသုံးစွဲကြစေလိုပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

အမေရိကန်ဒီမိုကရက်တစ် သမ္မတလောင်း ကာမလာဟားရစ်နှင့် ဒုသမ္မတလောင်းတို့ အရေးကြီးဆုံးပြည်နယ်တစ်ခုတွင် ပူးတွဲ မဲဆွယ်စည်းရုံး

ဝါရှင်တန် သြဂုတ် ၇

အမေရိကန်ဒီမိုကရက်တစ်သမ္မတလောင်း ကာမလာဟားရစ်နှင့် ၎င်း၏ ဒုသမ္မတလောင်း တင်မဲဝေါ့လ်စ်တို့သည် နိုဝင်ဘာလ ရွေးကောက်ပွဲအတွက် အကြိတ်အနယ်ပြည်နယ်တစ်ခုဖြစ်သည့် ဗီလာဒယ်ဖီးယားပြည်နယ်၌ မဲဆွယ်စည်းရုံးပွဲ တစ်ခုကို အင်္ဂါနေ့က စတင်ခဲ့သည်။

ထောက်ခံသူ ရာပေါင်းများစွာ တမ်ပါယ် တက္ကသိုလ် လိုင်ယာကိုးရက်စ်စင်တာ အပြင်ဘက်တွင် တန်းစီစောင့်ဆိုင်းနေကြသည်။ အဆိုပါနေရာသည် လူ ၁၀၀၀၀ ခန့် ဝင်ဆံ့နိုင်သော်လည်း ထိုနေ့က ဘေးဘီဝဲယာတစ်ခွင်၌ပါ ထောက်ခံသူများဖြင့် ပြည့်ကျပ်လျက်ရှိသည်။

ကာမလာဟားရစ်သည် မင်နီဆိုးတားပြည်နယ် အုပ်ချုပ်ရေးမှူး တင်မဲဝေါ့လ်စ်ကို ၎င်း၏ ရွေးကောက်ပွဲ မိတ်ဖက်အဖြစ် ရွေးချယ်ခဲ့သည်။ ယခုမဲဆွယ်စည်းရုံးမှုသည် ပြိုင်ဘက်ဒေါ်နယ်ထရမ့်ကို အနိုင်ယူဖို့ အတွက်သာမက အနာဂတ်တိုက်ပွဲ တစ်ခုလည်း ဖြစ်ကြောင်း ဟားရစ်က ပြောကြားခဲ့သည်။

ဟားရစ်နှင့် ဝေါ့လ်စ်တို့ လက်ချင်းချိတ်ပြီး စင်မြင့်ပေါ်မှ လက်ဝှေ့ယမ်းနူတက်ဆက်သည့်အခါ ထောက်ခံသူများက ဂုဏ်ပြုဟစ်ကြွေးခဲ့သည်။ ဟားရစ်ကို အမေရိကန်နိုင်ငံ၏ နောက်ဖြစ်လာမည့် သမ္မတဖြစ်အောင် ကူညီပေးနိုင်သည်ထက် ဂုဏ်ယူစရာကောင်းသည့်အချက် မရှိဟု မစ္စတာ ဝေါ့လ်စ်က ပြောကြားခဲ့သည်။

အင်နိန်အိတ်ချ်ကေ

အီရန်နိုင်ငံ၌ လုပ်ကြံခံခဲ့ရသော အစ္စမေးလ် ဟာနီယေး၏နေရာကိုဆက်ခံမည့် နိုင်ငံရေးခေါင်းဆောင်သစ်အဖြစ် ဆင်ဝါးကို ဟားမားစ် ရွေးချယ်

ဂါဇာ သြဂုတ် ၇

အီရန်နိုင်ငံ၌ လုပ်ကြံခံခဲ့ရသော အစ္စမေးလ် ဟာနီယေး၏နေရာကို ဆက်ခံရန် ဂါဇာကမ်းမြောင်ဒေသ၏ နိုင်ငံရေး ခေါင်းဆောင်သစ်အဖြစ် ယာယာဆင်ဝါးကို ရွေးချယ်လိုက်ကြောင်း ဟားမားစ်အဖွဲ့က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ဆင်ဝါးသည် အစ္စရေးက ဟားမားစ်အဖွဲ့ကို သုတ်သင်ရှင်းလင်းရန် ပစ်မှတ်ထားနေသော အဓိကပုဂ္ဂိုလ်များထဲမှ တစ်ဦးဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့် အောက်တိုဘာလတွင် အစ္စရေးကို ကြီးမားသည့် အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ရာ၌ ကြိုးကိုင်ခြယ်လှယ်သူဖြစ်ကြောင်း အစ္စရေးတပ်မတော်က ၎င်းကို စွပ်စွဲထားသည်။

ဆင်ဝါးကို ခေါင်းဆောင်အဖြစ် ခန့်အပ်လိုက်ခြင်းသည် အစ္စရေးနှင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးမှုအပေါ် သက်ရောက်မှု ရှိနိုင်ကြောင်း လေ့လာသူများက ပြောသည်။ စေ့စပ်ညှိနှိုင်းဆွေးနွေးမှု လုပ်ငန်းစဉ်သည် ပို၍ရှုပ်ထွေးလာနိုင်ပြီး ဆွေးနွေးပွဲများ ရပ်တန့်သွားနိုင်ကြောင်း သိရသည်။

အင်နိန်အိတ်ချ်ကေ

အကြီးတန်းတပ်မှူး လုပ်ကြံခံရမှုအတွက် အစ္စရေးကို လက်တုံ့ပြန်မည်ဟု ဟစ်ဇ်ဘိုလာ ပြော

ဘေရွတ် သြဂုတ် ၇

ဟစ်ဇ်ဘိုလာ ခေါင်းဆောင် ဆေယက်ဒ် ဟာဆန်နာစရယ်လာက ၎င်းတို့၏ အကြီးတန်းတပ်မှူး ဖရောက် ရွတ်ခါ လုပ်ကြံခံရမှု အတွက် ပြင်းထန်ပြီး ထိရောက်သည့် လက်တုံ့ပြန်မှု လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အင်္ဂါနေ့တွင် ကတိပြုပြောကြားလိုက်ကြောင်း သိရသည်။

တပ်မှူးလုပ်ကြံခံရမှုအတွက် လက်တုံ့ပြန်မှု မလွဲမသွေ လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ယင်းက ထိရောက်ပြီး ပြင်းထန်လိမ့်မည် ဖြစ်ကြောင်း တပ်မှူး ရွတ်ခါ သေဆုံးပြီးနောက် သီတင်းတစ်ပတ် အကြာတွင် ပြုလုပ်သည့် ရုပ်မြင်သံကြား မိန့်ခွန်းတွင် နာစရယ်လာက ပြောကြားလိုက်သည်။

ထိုပြင် "ဒါဟာ ကြီးမားတဲ့ စစ်ပွဲတစ်ခုဖြစ်တယ်၊ ပြည်သူတွေရဲ့ အသက်သွေးတွေဟာ အဖိုးမဖြတ်နိုင်ကြောင်းနဲ့ တပ်မှူး ရွတ်ခါ လုပ်ကြံခံရမှုက လက်တုံ့မပြန်ဘဲ ပြီးဆုံးသွားမှာ မဟုတ်ဘူး" ဟု ၎င်းက ဆက်ပြောသည်။ နာစရယ်လာက အစ္စရေးမြောက်ပိုင်းရှိ စက်ရုံများကို တိုက်ခိုက်ရန် ခြိမ်းခြောက်ခဲ့ပြီး စက်ရုံတစ်ရုံစီသည် အမေရိကန်ဒေါ်လာ ဘီလီယံချီ တန်ဖိုးရှိကြောင်း သိရသည်။

အစ္စရေး မြောက်ပိုင်းရှိ စက်ရုံများကို တည်ဆောက်ရန် အချိန် ၃၄ နှစ်ကြာမြင့်သော်လည်း ၎င်းတို့ကို ဖျက်ဆီးရန်မှာ အချိန်နာရီဝက်သာ ကြာမြင့်ကြောင်း နာစရယ်လာက ပြောသည်။ အစ္စရေး၏ ပစ်ခတ်တိုက်ခိုက်မှု ကြောင့် ဘီရွတ်မြို့ တောင်ပိုင်း ဆင်ခြေဖုံးဒေသတွင် ဟစ်ဇ်ဘိုလာ တပ်မှူး ရွတ်ခါနှင့် အရပ်သား ခုနစ်ဦး သေဆုံးပြီးနောက် ဟစ်ဇ်ဘိုလာနှင့် အစ္စရေးတပ်မတော်တို့ အကြား ထိတွေ့တိုက်ပွဲများ ပြင်းထန်လာခဲ့သည်။

ဆင်ဟွာ

ဂျပန်နိုင်ငံ၌ ဟွန်ဒါနှင့် ဆူဇူကီးတို့ အသေးစားမော်တော်ဆိုင်ကယ်ထုတ်လုပ်မှု ရပ်ဆိုင်းသွားဖွယ်ရှိ

တိုကျို သြဂုတ် ၇

ဂျပန်နိုင်ငံ၏ မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေး ကုမ္ပဏီများဖြစ်သည့် ဟွန်ဒါနှင့် ဆူဇူကီးကုမ္ပဏီတို့သည် ဂျပန်နိုင်ငံတွင် အသေးစား ဆိုင်ကယ်ထုတ်လုပ်မှုများကို ရပ်ဆိုင်းသွားရန် စဉ်းစားနေသည်ဟု သိရသည်။ တင်းကျပ်သည့် မီးခိုးငွေ့ထုတ်လွှတ်မှုစံနှုန်းများနှင့် ပြည်တွင်းစျေးကွက် ကျဆင်းလာခြင်းတို့ကြောင့် ယခုကဲ့သို့ စဉ်းစားလာရခြင်းဖြစ်သည်။

အင်ဂျင်ပါဝါ ၅၀ စီစီနှင့် ၅၀ စီစီအောက် ဆိုင်ကယ်များ ထုတ်လုပ်ခြင်းကို ရပ်ဆိုင်းရန် စဉ်းစားနေခြင်းဖြစ်သည်။ ဂျပန်နိုင်ငံတွင် ဟွန်ဒါနှင့် ဆူဇူကီး ကုမ္ပဏီ နှစ်ခုကသာ အဆိုပါ ဆိုင်ကယ်များထုတ်လုပ်ခြင်းဖြစ်သည်။ လာမည့်နှစ် နိုဝင်ဘာလမှ စတင်ကာ အဆိုပါဆိုင်ကယ် အမျိုးအစားများအပေါ် မီးခိုးငွေ့ ထုတ်လွှတ်မှုဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ လာတော့မည်ဖြစ်သည်။ ထို့နောက်တွင် ဆိုင်ကယ် ထုတ်လုပ်သူများသည် ၎င်းတို့၏ လက်ရှိအင်ဂျင်များကို ပြုပြင်မွမ်းမံ မှုပြုလုပ်ရတော့မည်ဖြစ်သည်။

ကုမ္ပဏီများသည် မီးခိုးငွေ့ ထုတ်လွှတ်မှုဆိုင်ရာ စည်းမျဉ်း စည်းကမ်းအသစ်များနှင့် ကိုက်ညီမှုရှိသော မော်တော်ဆိုင်ကယ်များ ကိုတီထွင်ရန်နည်းပညာပိုင်းဆိုင်ရာ အခက်အခဲရှိမည်ဟု ယုံကြည်ကြသည်။ ထို့ပြင် ရင်းနှီးမြှုပ်နှံမှုအသစ်များသည် စျေးကွက်ကျဆင်းမှုကို ဦးမော့လာအောင် လုပ်နိုင်မည် မဟုတ်ဟု ယူဆထားကြောင်း သတင်းအရင်းအမြစ်များက ပြောသည်။

အင်နိန်အိတ်ချ်ကေ

ယီမင် အနောက်တောင်ပိုင်းသို့ အမေရိကန်နှင့် ဖြိတိန်မဟာမိတ်တပ်များက လေကြောင်းတိုက်ခိုက်

ဆာနား သြဂုတ် ၇

ယီမင်နိုင်ငံ အနောက်တောင်ပိုင်းပြည်နယ် တိ၆်သို့ သြဂုတ် ၆ ရက်နောင်းပိုင်းတွင် အမေရိကန်နှင့် ဖြိတိန်မဟာမိတ်တပ်များက လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်ဟု ဟူသီ တို့ထိန်းချုပ်ထားသည့် အယ်မာဆီရာ ရုပ်သံတွင် ဖော်ပြထားသည်။ အဆိုပါတိုက်ခိုက်မှုနှင့်ပတ်သက်၍ မဟာမိတ်တပ်ဖွဲ့က အတည်ပြုပြောကြားခဲ့ခြင်းမရှိချေ။ ပျက်စီးဆုံးရှုံးမှု အရေအတွက်ကိုလည်း မသိရသေးချေ။

အမေရိကန်ဗဟိုကွပ်ကဲရေးဌာနက ၎င်းတို့သည် ပြီးခဲ့သည့် ၂၄ နာရီအတွင်း ပင်လယ်နီရှိ ဟူသီဒရုန်းများနှင့် သင်္ဘောဖျက်ဒုံးကျည်နှစ်စင်းကို ဖျက်ဆီးနိုင်ခဲ့သည်ဟု ပြောသည်။ ဟူသီများသည် ပြီးခဲ့သည့် နိုဝင်ဘာလမှစတင်ကာ ဂါဇာဒေသရှိ ပါလက်စတိုင်းများနှင့် ချစ်ကြည်ရင်းနှီးမှုကို ပြသသည့်အနေဖြင့် ပင်လယ်နီတွင် သင်္ဘောများကို ပစ်မှတ်ထားကာ တိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ အမေရိကန် - ဖြိတိန် မဟာမိတ်ရေတပ်သည် ပြီးခဲ့သည့်ဧန်နဝါရီလမှစတင်၍ ဟူသီများကိုပစ်မှတ်ထားကာ လေကြောင်းမှ တိုက်ခိုက်မှုပြုလုပ်ခြင်းနှင့် ဒုံးကျည်ဖြင့် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ဆင်ဟွာ

ဖိလစ်ပိုင်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု မြင့်တက်လာပြီး သေဆုံးသူ ၃၃၇ ဦးရှိ

မနီလာ သြဂုတ် ၇

ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ် ဧန်နဝါရီလနောက်ပိုင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၁၂၈၃၃ ဦးရှိပြီး သေဆုံးသူမှာလည်း ၃၃၇ ဦးရှိကြောင်း ကျန်းမာရေးဌာန (ဒီအိုအိတ်ချ်) က ဗုဒ္ဓဟူးနေ့တွင် ပြောသည်။

ယခုနှစ် ဧန်နဝါရီလမှ ဇူလိုင် ၂၇ ရက်အထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ အရေအတွက်သည် ယမန်နှစ် အလားတူကာလကမှတ်တမ်းတင်ထားသော အရေအတွက်ထက် ၃၃ ရာခိုင်နှုန်း ပိုများပြားကြောင်း ကျန်းမာရေးဌာန တာဝန်ရှိသူတစ်ဦးဖြစ်သည့် အဲလ်ဘတ် ဒိုမင်ဂိုက ပြောသည်။ ရောဂါဖြစ်ပွားသူ အရေအတွက် မြင့်တက်လာသော်လည်း ဧန်နဝါရီလမှ ဇူလိုင်လအထိ သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူအရေအတွက်မှာ ယမန်နှစ် အလားတူကာလကထက် လျော့နည်းကြောင်း ၎င်းက ဆက်ပြောသည်။ နိုင်ငံ၏ ဒေသ ၁၇ ခု အနက် လေးခုတွင် လွန်ခဲ့သည့် သီတင်းခြောက်ပတ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ အရေအတွက် ဆက်တိုက်မြင့်တက်လာကြောင်း ဒိုမင်ဂိုက ပြောသည်။

ဆင်ဟွာ

တိုက်ကြီးမြို့နယ် ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်(၃) ဖြင့် အိမ်ထောင်စုစာရင်း ထုတ်ပေးနေမှုနှင့် ဇီဝအချက်အလက်ကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်

ရန်ကုန် သြဂုတ် ၇

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဒေသခံပြည်သူများအား ပန်းခင်းစီမံချက် (၃) ဖြင့် အိမ်ထောင်စုစာရင်းထုတ်ပေးပြီး ဇီဝအချက်အလက်များ ကောက်ယူနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက သြဂုတ် ၆ ရက်တွင် ကွင်းဆင်းကြည့်ရှုသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုက်ကြီးခရိုင်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံးတွင် ဝန်ထမ်းများက ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်းထုတ်ပေးနေမှု ဇီဝအချက်အလက် ကောက်ယူနေမှုများကို လိုက်လံကြည့်ရှုအားပေးကြရာ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်သန်းက ပန်းခင်းစီမံချက် (၃)ဖြင့် လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသခံပြည်သူများအား သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အထောက်အကူပြု အကျိုးနှင့်ဦးထုပ်များ ပေးအပ်ကြပြီး ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ၁၅ ရက်ကြာ ပြည်လုံးကျွတ်အဆင့် ဆောင်ရွက်မည်ဖြစ်ပြီး လုံခြုံရေးအခြေအနေမှလွဲ၍ အကြောင်းအမျိုးမျိုးကြောင့် ကောက်ယူရန် ကျန်ရှိနေပါက ရက်ထပ်မံတိုးမြှင့်ကောက်ယူနိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း၊ အိမ်ထောင်စု မေးခွန်းပုံစံအတွက် မေးခွန်း ၆၈ ခု၊ အဖွဲ့အစည်းမေးခွန်းပုံစံအတွက် မေးခွန်း ၁၈ ခုကို မေးမြန်းကောက်ယူမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက်အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်နှင့်အညီ အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ်ခံယူကာ အားလုံးက ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး (ပြန်/ဆက်)

မွန်ပြည်နယ်အတွင်း စက်သုံးဆီတင်သွင်းခြင်းကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးနှင့် သက်သာသောဈေးနှုန်းများဖြင့် စက်သုံးဆီများ ဖြန့်ဖြူးရောင်းချနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိ

မော်လမြိုင် သြဂုတ် ၇

မွန်ပြည်နယ်အတွင်းသို့ ပြည်ပ (ပင်လယ်ရေကြောင်း)မှ စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၄/၂၀၂၄) ကို ယနေ့တွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း စက်သုံးဆီတင်သွင်းခြင်းကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး၊ သက်သာသော ဈေးနှုန်းများဖြင့် စက်သုံးဆီများ ဖြန့်ဖြူးရောင်းချနိုင်ရေး အထူးအလေးထား ဆောင်ရွက်လျက် ရှိပါကြောင်း၊ စက်သုံးဆီမှာယူမှု၊ သိုလှောင်မှု၊ ဖြန့်ဖြူးမှု၊ လက်ကျန်အခြေအနေ တို့ကို စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ပြီး စက်သုံးဆီပြတ်လပ်မှု မဖြစ်ပေါ်စေရေး တင်သွင်းလာမည့် စက်သုံးဆီများ ကိုလည်း ထိုက်သင့်သည့် ဈေးနှုန်းများဖြင့် ပြန်လည်ဖြန့်ဖြူးရောင်းချ ပေးနိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်းသို့ ပြည်ပ (ပင်လယ်ရေကြောင်း)မှ စက်သုံးဆီတင်သွင်းကာ သိုလှောင်ဖြန့်ဖြူးခြင်း ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ကြီးကြပ်စစ်ဆေးရေး အရာရှိ ဦးသန်းထွေးက မွန်ပြည်နယ်အတွင်းသို့ ပြည်ပ (ပင်လယ်ရေကြောင်း)မှ စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသော စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးသည့် ကုမ္ပဏီများ ၈၊ တာဝန်ရှိသူများက စက်သုံးဆီ တင်သွင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များပေါ် ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညှိနှိုင်းဆောင်ရွက်

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တာဝန်ရှိသူများသည် မော်လမြိုင် တက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (မော်လမြိုင်)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (မော်လမြိုင်) တို့တွင် ကိုယ်တိုင် စိုက်ပျိုး၊ မွေးဖြူ၊ ထုတ်လုပ်၊ ဖြန့်ဖြူးသူများနှင့် ဆန့်စက်၊ ဆီစက်လုပ်ငန်းရှင်များ၊ ကုန်သည်များမှ ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ကြက်ဥ၊ ဟင်းသီး ဟင်းရွက်များအား သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးနေမှု အပေါ် ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သက်နိုင်(မော်လမြိုင်)

ဒုတိယဝန်ကြီး ဦးရဲတင့် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် သြဂုတ် ၇

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိကာ စာကြည့်တိုက်နှင့် လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် အတူ ဝန်ထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။ မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ရုံး၌ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ (၀ပုံ) ဝန်ထမ်းများနှင့် မိသားစုများအားတွေ့ဆုံအားပေးပြီး ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

